ကြေးမုံ

The Mirror

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ သောကြာနေ့ (20-9-2013) (၇၆၀၉)

နေပြည်တော် သံဝေဇနီယလေးဌာနရှိ ဘုရားလောင်းဖွားမြင်တော်မူရာနေရာနှင့် ဓမ္မစကြာတရားဦး ဟောတော်မူရာနေရာများ ရတနာအုတ်မြစ်တော်စီအခမ်းအနားကျင်းပ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရတနာရွှေအုတ်တော်ကို ဆရာတော်ထံ ဆက်ကပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၉

နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ တည်ထားကိုးကွယ်မည့် သံဝေဇနီယလေးဌာနရှိ ဘုရားလောင်းဖွားမြင်တော်မူရာနေရာနှင့် ဓမ္မစကြာတရားဦးဟောတော်မူရာနေရာများ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်မှု ဆည်းပူးခြင်းမင်္ဂလာအခမ်းအနားကို နံနက် ၈ နာရီတွင် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်အနီးရှိ သာသနာ့ဗိမာန်၌ ကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လှည်းဆိပ်စံပြကျေးရွာ မနောဟရီကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကုသလထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အမှူးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရတနာငွေကြုတ်တော်၊ မော်ကွန်းကမ္ပည်းကြေးပြားတော်၊ မော်ကွန်းကျောက်စာတော်နှင့် ရတနာရွှေအုတ်တော်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

မကွေးတိုင်းဒေသကြီးဥပဒေချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၄၃/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်နေ့
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

မကွေးတိုင်းဒေသကြီးဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(င)နှင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဇေယျအား မကွေးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

RBE တွဲဆိုင်းများကိုအသုံးပြု၍ မြို့ပတ်ရထားများအား ပထမဆုံးအဲကွန်းရထားများပြေးဆွဲတော့မည်

စိုးဝင်း-MLA

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာ့မီးရထားလုပ်ငန်းမှ (RAIL BUS ENGINE) RBE အဆင့်မြင့်တွဲဆိုင်းများကို အသုံးပြု၍ မြို့ပတ်ရထားများအား ပထမဆုံးအဲကွန်းရထားများအဖြစ် ပြေးဆွဲတော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

အဆိုပါအဲကွန်း လေးလုံးစီတပ်ဆင်ထားရှိသော RBE အဆင့်မြင့်တွဲဆိုင်းများကို အသုံးပြု၍ မြို့ပတ်ရထားများအား ပထမဆုံး အဲကွန်းရထားများအဖြစ် ပြေးဆွဲသွားရန် စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်း၍

စာမျက်နှာ ၁၂ ကော်လံ ၄ သို့ ❍

ကြေးမုံစာတည်းရှုထောင့် ၂၀-၉-၂၀၁၃၊ သောကြာနေ့

ငြိမ်းချမ်းလုံခြုံသက်ရှိစုံ

ကာံ၊ စိတ်၊ ဥတု၊ အာဟာရ။ သက်ရှိများရှင်သန်မှု၏ အဓိကဒေါက်တိုင်လေးခုအနက် နေ့စဉ်မှီဝဲအာဟာရသည် အခရာဖြစ်ပါသည်။ အာဟာရနှင့်ကျားကန်ပေးထားသော ကိုယ်ရုပ်ခန္ဓာအိမ်ကို ကံ၊ စိတ်၊ ဥတုမျှညီမှုဖြင့်တည်ဆောက်ပေးထားခြင်း။ ထိုအာဟာရအတွက် နေထိုင်စားသောက်မှုပုံစံမတူကွဲပြားငြားလည်း အစာအိမ်ဖြည့်တင်းကြရခြင်းကား အားလုံးအတူတူပင်။

သက်ရှိလောကတွင် တချို့အစာတစ်မျိုးတည်းနှင့်ရှင်သန်နေကြသည်။ ကျွဲ၊ နွား၊ မြင်း စသည်တို့သည် မြက်ကိုစား၍ အသက်ဆက်ကြသည်။ ကျား၊ ခြင်္သေ့တောဘုရင်များမှာ ကိုယ်တိုင်သတ်ဖြတ်ကာ သားစိမ်းငါးစိမ်းများစားကြသည်။ အကန့်အသတ်နှင့်စားသောက်မှုနယ်ပယ်။ သက်ရှိလောကတွင် လူသည်အသိဉာဏ်အရှိဆုံး။ ထို့ကြောင့် အစုံစားနေကြသလား။ တွေ့သမျှမြင်သမျှ ကြက်၊ ငှက်၊ ဘဲ၊ ဝက်အပြင် တချို့ခွေး၊ ကြောင်ကအစ ချမ်းသာမပေးကြ။ ဗိုလ်ကျစိုးမိုးသူတို့၏ စရိုက်ဟုဆိုရမည်လား။ လူသား၏ပါးစပ်ပေါက်များသည် သား၊ ငါး၊ တိရစ္ဆာန်သက်ရှိများ၏ မြုပ်နှံရာသင်္ချိုင်းပမာဖြစ်နေသည်။

Discovery ပြကွက်များတွင် တောတွင်းတိရစ္ဆာန်များ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ဘာသာဘာဝရှာကြဖွေကြ ရုန်းကန်လှုပ်ရှားကြီးနိုင်ငယ်ညှဉ်းသတ်ကြဖြတ်ကြရက်စက်သည့် မြင်ကွင်းများကို တချို့အားပါးတရကြည့်တတ်ကြသည်။ တချို့မကြည့်ရက်ကြ၊ စုတ်တသပ်သပ်နှင့်၊ လောကကြီးကမတရားလိုက်တာ၊ သံဝေဂယူကြနှင့် ထိုထိုသော လူအားလုံးနီးပါးသည် မိမိတို့အစာအိမ်ဖြည့်တင်းရေးတွင် အသားမျိုးစုံ၊ ငါးမျိုးစုံကို အရသာယူသတ်ဖြတ်စားသုံးမြိန်ရည်ယှက်ရည်ရှိနေတတ်ကြသူများဖြစ်နေသည်။

ယနေ့ ကမ္ဘာတွင်လူဦးရေအဆမတန်များပြားလာနေသည်။ အခြားတိရစ္ဆာန်များအတွက် နေရာများတဖြည်းဖြည်း ကျုံ့လာနေသည်။ သစ်တောများလူနေရပ်ဝန်းဖြစ်လာနေသည်။ စားကျက်မြေများစိုက်ခင်းဖြစ်သွားသည်။ သားရဲတိရစ္ဆာန်များ နေရာမဲ့ဖြစ်လာ၊ မျိုးသုဉ်းမှုနှင့် ကြုံလာနေရသည်။

ရေသယံဇာတကမ္ဘာ့စားဖွယ် သားငါးပုစွန်များသည်လည်း လူတို့၏ပယောဂကြောင့် ရေထုဓာတုအဆိပ်သင့်ခြင်းကို မျိုးသုဉ်းလုမတတ်ခံလာနေရပြီ။ တစ်ဖက်တွင်လူတို့၏ ရှာဖွေစားသောက်၊ အကန့်အသတ်မဲ့ထုတ်ယူသုံးစွဲမှုကြောင့် တဖြည်းဖြည်းနည်းပါးလာနေရပြီ။ ရှော့ရိုက်ဖမ်းခြင်း၊ အဆိပ်ချဖမ်းခြင်း၊ ပိုက်စိပ်တိုက်ဖမ်းခြင်းနည်းမျိုးစုံအောက်မှာ တချို့ငါးမျိုးစိတ်များပျောက်ကွယ်ရှာမတွေ့ဖြစ်နေရပါပြီ။ အတိတ်တဘောင်စကား "အရုပ်ရေးပြရမည့်ကိန်း" ဆိုက်လာနေပြီလား။ "မြန်မာ့ရေပြင်ရှိငါးသယံဇာတ ဒုတိယအကြိမ် သုတေသနပြုလုပ်မည်" သတင်းတစ်ပုဒ်ဖတ်လိုက်ရသည်။ ပင်လယ်ပြင်ငါးဖမ်းဆီး ထုတ်လုပ်ရေးတွင် သယံဇာတလျော့နည်းမသွားအောင် စီမံခန့်ခွဲထိန်းသိမ်းထားနိုင်ရေးအတွက် ငါးသယံဇာတထုထည်အရင်းအမြစ်ကို သုတေသနပြုခြင်းဖြစ်သည်။

ဤကဲ့သို့ စနစ်တကျဖြစ်စေရေးစီမံဆောင်ရွက်သလို အခြားတစ်ဖက်တွင်လည်း ငါးမဖမ်းရ ဇုန်နယ်မြေများသတ်မှတ်ပြီး သဘာဝဘေးမဲ့ရေနယ်နိမိတ်များဖန်တီးပေးသင့်ပါသည်။ ရခိုင်၊ တနင်္သာရီ မြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောများနှင့်ကမ်းနီးရေတိမ်ပိုင်းများ မြိတ်ကျွန်းစု၊ ကိုကိုးကျွန်းစုနယ်မြေများတွင် ငါးပုစွန်များ ဘေးကင်းလုံခြုံ သိုက်မြုံဖွဲ့ခိုနားရာ "ငြိမ်းချမ်းနယ်ပယ်အဝိုင်းအဝန်းလေးများ" သတ်မှတ်ကန့်သတ်ပေးထား၏။ ရနိုင်ပါသည်။ တစ်ဖက်တွင် သဘာဝဒီရေတောများကို ထိန်းသိမ်းပေးရာလည်းရောက်ပါသည်။ သစ်တောများလည်းဖွံ့ထွား ငါးပုစွန်ရေသယံဇာတလည်းပွားများနှင့်နိုင်ငံအတွက်တစ်ချက်ခုတ်နှစ်ချက်ပြတ်အကျိုးဖြစ်ထွန်းနိုင်ပါသည်။

သက်ရှိများအတွက် ငြိမ်းချမ်းသောနယ်ပယ်အသိုင်းအဝိုင်းတွင် လုံလုံခြုံခြုံ နေထိုင်ခွင့်ရှိခြင်းသည် သဘာဝကပြဋ္ဌာန်းပေးထားသည့် မွေးရာပါအခွင့်အရေးတစ်ရပ်ပင်မဟုတ်ပါလော။ ။

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနတို့ တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၉-၆၄၀၀၃၉၄ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(ကြေးမုံ)

ရွှေဈေး၊ ဝက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန် ရွှေဈေး	၇၀၆၇၀၀ - ၇၀၇၇၀၀
မန္တလေးရွှေဈေး	၇၀၆၅၀၀ - ၇၀၇၅၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ) အောက်တိန်း95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ) အောက်တိန်း92	တစ်လီတာ	၉၂၀ ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၉၇၄.၀၀
(ခ) ဥရောပ	တစ်ယူရို	= ၁၃၁၇.၄
(ဂ) စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၃.၁၅
(ဃ) တရုတ်	တစ်ယွမ်	= ၁၅၉.၁၂
(င) ထိုင်း	တစ်ဘတ်	= ၃၁.၃၁၃
(စ) မလေးရှား	တစ်ရင်းဂစ်	= ၃၀၇.၁၁
(ဆ) အိန္ဒိယ	တစ်ရူပီး	= ၁၅.၃၆၆
(ဇ) ဂျပန်	တစ်ရာယန်း	= ၉၉၂.၇၁
(ဈ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၀.၀၃၁
(ည) ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၂၅.၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

pm t ypmay v|rwaq? t v|rm pmrm&

မြန်မာနိုင်ငံ အာဆီယံလူမှုရေး–ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ (၃/၂၀၁၃) စည်းဝေး

နေပြည်တော် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ (၃/၂၀၁၃)အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက မကြာခင်က ကျင်းပခဲ့သည့် မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အခြေပြမြေပုံ၏ နှစ်ဝက်အကဲဖြတ်သုံးသပ်ချက် အစီရင်ခံစာအား ဆက်စပ်ဝန်ကြီးဌာနများအားလုံး တက်တက်ကြွကြွနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြ၍ ရေးသားပြီးစီးပြီး အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးဆီသို့ အချိန်နှင့် တစ်ပြေးညီ တင်ပြနိုင်ခဲ့ပါကြောင်း၊ ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် လိုအပ်ချက်များရှိသော်လည်း ခြုံငုံသုံးသပ်ကြည့်ပါက အောင်မြင်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ၂၀၁၄ အာဆီယံဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်ရာတွင်လည်း ယခုကဲ့သို့ အင်တိုက်အားတိုက် တက်တက်ကြွကြွ ပါဝင်ပူးပေါင်း ဆောင်ရွက်ကြမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီအနေဖြင့် အကောင်အထည်ဖော်ထားမှု၊ ပြင်ဆင်ထားမှုများကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေး၌ အသိပေးပြောကြားရန်အတွက် ဆက်စပ်ဝန်ကြီးဌာန အသီးသီးက ဆွေးနွေးတင်ပြရန်ကြိုတင်ပြင်ဆင်ညှိနှိုင်းခြင်း ဖြစ်ကြောင်းနှင့်(၁၀)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေး Agenda အရ အာဆီယံ လူမှုရေး- ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ(ASCC) အောက်တွင်ရှိသည့် ယဉ်ကျေးမှုကဏ္ဍ (Culture)၊ လူငယ်ကဏ္ဍ(Youth)၊ အားကစားကဏ္ဍ(Sport)၊ ပညာရေးကဏ္ဍ (Education)၊ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးကဏ္ဍ(Desaster Management)၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကဏ္ဍ (Climate Change) ခြောက်ခုကို တင်ပြဆွေးနွေးရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆွေးနွေးတင်ပြစရာများကို တင်ပြဆွေးနွေးကြရန် ဖြစ်ပါကြောင်းနှင့် ၂၀၁၄ အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ် ဆောင်ရွက်ရန်ရှိမည့် Culture Promotion အစီအစဉ်များအကြောင်းနှင့် ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့် အစည်းအဝေးများစာရင်း National Calendar နှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် မိမိတို့ဝန်ကြီးဌာနဆိုင်ရာ အာဆီယံအစည်းအဝေးများ ပြုလုပ်မည့် နေ့ရက်နေရာများ အတည်ပြုကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆက်လက်ပြီး တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်တွေ့အသုံးချအခြေခံစာရင်းကိုင်ပညာ

ဆရာမဒေါ်သက်သက်

လက်တွေ့အသုံးချ အခြေခံစာရင်းကိုင်ပညာစာအုပ်တွင် LCCI Level I & II တွင် ပါရှိသော ... LCCI Level I & II ...

CityMart, Ocean HyperMart, TabBook Center နှင့် ...

ပြည်တွင်းရေးရာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘုရားအလောင်းတော် ဖွားမြင်တော်မူရာ နေရာတွင် ရတနာငွေကြုတ်တော်ကို စီသွင်းပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘုရားအလောင်းတော် ဖွားမြင်တော်မူရာ နေရာတွင် မော်ကွန်းကျောက်စာတော်ကို စီသွင်းပူဇော်စဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့က ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများ ဆက်ကပ်လှူဒါန်းကြရာ အလှူရှင် ၉၃ ဦးတို့က ငွေကျပ် သိန်းပေါင်း ၁၇၅၈ သိန်းကျော် လှူဒါန်းခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ညွှန့်ပရိသတ်တို့က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဘုရားအလောင်းတော် ဖွားမြင်တော်မူရာနေရာတွင် ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရတနာငွေကြုတ်တော်၊ မော်ကွန်းကမ္ပည်းကြေးပြားတော်၊ မော်ကွန်းကျောက်စာတော်နှင့် ပတ္တမြားရတနာစီခြယ်ထားသော ကျောက်စိမ်းအုတ်မြစ်တော်တို့ကို စီသွင်းပူဇော်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် တာဝန်ရှိသူတို့က ရတနာကျောက်စိမ်း အုတ်မြစ်တော်တို့ကို စီသွင်းပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓမြတ်စွာဓမ္မစကြာတရားဦးဟောတော်မူရာနေရာတွင် ရတနာကျောက်စိမ်းအုတ်မြစ်တော်များ စီသွင်းပူဇော်ကြသည်။

ရာဇဌာနီမင်းနေပြည်တော်၌ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးကို အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ရာ မဟာဗောဓိပင်နှင့် ရွှေပလ္လင်သည် သံဝေဇနီယလေးဌာနတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဆက်လက်၍ သံဝေဇနီယလေးဌာနမှ ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို တည်ထားပူဇော်ရန် စီမံဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဘုရားအလောင်းတော် ဖွားမြင်တော်မူရာနှင့် ဓမ္မစကြာတရားဦး ဟောတော်မူရာ နှစ်ဌာနတည်ဆောက်ရန် ရတနာနဝရတ်အုတ်မြစ်တော်များ စီသွင်းပူဇော်ပြီးဖြစ်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရတနာကျောက်စိမ်း အုတ်မြစ်တော်ကို စီသွင်းပူဇော်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း ရတနာကျောက်စိမ်းအုတ်မြစ်တော်ကို စီသွင်းပူဇော်စဉ်။ (သတင်းစဉ်)

မြတ်စွာဘုရားသည် သက်တော်ရှစ်ဆယ်အရွယ်တွင် ပရိနိဗ္ဗာန်စံတော်မူခဲ့ရာ ထိုအကြောင်းအရာကို အထိမ်းအမှတ်ပြုလျက် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ ဌာနတည်ဆောက်ရန် ရတနာနဝရတ် အုတ်မြစ်တော် စီသွင်းပူဇော်ခြင်းကို ယနေ့မှစတင်၍ ရက်ပေါင်း ၈၀ ပြည့်သည့်နေ့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

ဂျပန် ဖူကူရှီးမား နျူကလီးယားစက်ရုံ၌ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ကြည့်ရှုစစ်ဆေး

တိုကျို စက်တင်ဘာ ၁၉

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဖူကူရှီးမား ဒိုင်အိချိနျူကလီးယားစက်ရုံသို့ သွားရောက်ကာ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၉ရက်တွင် သတင်းထုတ်ပြန်သည်။

ဖူကူရှီးမား ဒိုင်အိချိနျူကလီးယားစက်ရုံ၌ ရေဒီယို သတ္တိကြွရေယိုစိမ့်မှုဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ခြင်းအတွက် ပြည်သူများအတွင်း စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်နေချိန်တွင် ယင်းစက်ရုံသို့ ဝန်ကြီးချုပ် အာဘေး ရောက်ရှိလာခြင်းဖြစ်သည်။

နျူကလီးယားဓာတ်အားပေးစက်ရုံ၌ ယိုစိမ့်မှုအားလုံးကို ခြောက်လအတွင်း ရပ်တန့်သွားရေးဆောင်ရွက်ရန်လည်းကောင်း၊ အဏုမြူဓာတ်ပေါင်းဖိုနှစ်လုံးကို ပိတ်ထားရန်လည်းကောင်း ဝန်ကြီးချုပ်အာဘေးက ညွှန်ကြားခဲ့သည်။

အဆိုပါစက်ရုံ၌ မကြာသေးမီလများအတွင်း ရေယိုစိမ့်မှုဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သည်။

ဝန်ကြီးချုပ် အာဘေးသည် တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ကျိုဒို။

ဖူကူရှီးမား နျူကလီးယားစက်ရုံ၌ ကျွမ်းကျင်သူပညာရှင်များ စစ်ဆေးနေစဉ်။

ဆီးရီးယားဓာတုလက်နက်ဖျက်ဆီးရန် အချိန်တစ်နှစ်ခန့်ကြာမည်ဟု အာဆတ်ပြောကြား

ဒမတ်စကတ် စက်တင်ဘာ ၁၉

ဆီးရီးယားသမ္မတ ဘာရှာအဲလ်အာဆတ်က ၎င်းတို့၏ဓာတုလက်နက်များ ဖျက်ဆီးရန်အစီအစဉ်ကို ၎င်းက တာဝန်ယူကြောင်း၊ သို့သော် အချိန်ကာလအားဖြင့် တစ်နှစ်ခန့်ကြာမည်ဖြစ်ကြောင်း ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံ၏ သိုလှောင်ထားသည့် ဓာတုလက်နက်များ ဖျက်သိမ်းရေးကိုရည်ညွှန်းလျက် သမ္မတအာဆတ်ကပြောကြားရာတွင် ထိုလုပ်ငန်းစဉ်မှာ နည်းပညာပိုင်းအရ အလွန်ရှုပ်ထွေးလှသည်ဟုဆိုသည်။ ကုန်ကျစရိတ်အတွက် ငွေကြေးအမြောက်အမြားလိုအပ်ပြီး အချို့က အမေရိကန်ဒေါ်လာ တစ်ဘီလီယံလိုအပ်မည်ဟု ခန့်မှန်းကြောင်း ပြောကြားသည်။

ဖော်ပြပါငွေပေါ်မူတည်သည့်အပြင် ကျွမ်းကျင်သော ပညာရှင်များနှင့် တိကျမှန်ကန်သော လုပ်ငန်းအစီအစဉ်များလည်း လိုအပ်ကြောင်း၊ အချိန်အားဖြင့်လည်း တစ်နှစ်သို့မဟုတ် တစ်နှစ်ထက် ပိုမိုလိုအပ်ကြောင်းပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသို့ ယင်းဓာတုလက်နက်များကို လွှဲပြောင်းပေးအပ်ရန် ဆန္ဒရှိ၊ မရှိ သမ္မတကို မေးမြန်းရာ ဒေါ်လာတစ်ဘီလီယံလိုအပ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်အတွက် အလွန်အန္တရာယ်များကြောင်း၊ အမေရိကန်အစိုးရအဖွဲ့က လိုအပ်သောငွေကိုပေးရန် အဆင်သင့်ဆိုပါက ထိုအဆိပ်ပစ္စည်းများကို အမေရိကန်ပြည်ထောင်စုသို့ တာဝန်ရှိရှိ သယ်သွားရမည်ဖြစ်ကြောင်း၊ ယင်းသို့ အမေရိကန်က လုပ်ဆောင်ပါမည်လောဟု ၎င်းက မေးခွန်းပြန်ထုတ်သည်။

သမ္မတအာဆတ်နှင့် ဒမတ်စကတ်မြို့၌ တစ်နာရီကြာတွေ့ဆုံမေးမြန်းရာတွင် ဆီးရီးယားပြဿနာအပေါ် အမေရိကန်၏သဘောထားကိုလည်း ဝေဖန်ခဲ့သည်။

ဝါရှင်တန်သည် မော်စကိုနှင့်မတူဘဲ ဆီးရီးယားခေါင်းဆောင်ပိုင်းနှင့် အုပ်ချုပ်ရေးပိုင်း၌ပါဝင်ရန် ကြိုးစားခဲ့သည်ဟု ပြောကြားသည်။ နှစ်ဦးနှစ်ဖက် အပြန်အလှန်လေးစားမှုရှိလျှင် မည်သည့်ပြဿနာမျှ ပေါ်ပေါက်မည်မဟုတ်ဟု ပြောကြားခဲ့သည်။

ဘီဘီစီ။

မော်စီအားထောက်ခံသည့် ကာဒါဆာမြို့၌ အီဂျစ်လုံခြုံရေးတပ်ဖွဲ့များ စစ်ဆင်ရေးဆောင်ရွက်

ကိုင်ရို စက်တင်ဘာ ၁၉

ရာဇဝတ်မှုကျူးလွန်သူများနှင့် အကြမ်းဖက်သမားများခြေကုပ်ပြုရာ နယ်မြေများကို ရှင်းလင်းရန် ရည်ရွယ်လျက် အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးလုပ်ငန်းတစ်ရပ် ကို စတင်ခဲ့ပြီးနောက် ကိုင်ရိုမြို့အနီးရှိ မြို့တစ်မြို့တွင် အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်များအကြား ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ကာဒါဆာအမည်ရှိ ယင်းမြို့တွင် လက်နက်ကိုင်စစ်သွေးကြွများဟု သံသယရှိသူ ၂၈ ဦးထက်မနည်းကို ဖမ်းဆီးခဲ့ကြောင်း အီဂျစ်အစိုးရ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။

အစ္စလာမ္မစ်ဝါဒီ သမ္မတမော်စီအား ဇူလိုင်လအတွင်းက ရာထူးမှဖယ်ရှားခဲ့ပြီး ရက်သတ္တပတ်အနည်းငယ်အကြာ ဩဂုတ်လအတွင်းက ကာဒါဆာမြို့ရှိ ရဲတပ်ဖွဲ့စခန်းတစ်ခုမှ ရဲတပ်ဖွဲ့ဝင် ၁၁ဦးမှာ သတ်ဖြတ်ခြင်းခံခဲ့ရသည်။

ရဟတ်ယာဉ်များ၏အကူအညီဖြင့် ယနေ့ ဒေသစံတော်ချိန် နံနက် ၅နာရီခွဲတွင် အီဂျစ်စစ်သည်များ ကာဒါဆာမြို့အတွင်း ဝင်ရောက်ခဲ့ကြသည်။

စစ်သွေးကြွများနှင့် တိုက်ခိုက်မှုများဖြစ်ပွားရာ၌ အထက်တန်းရဲအရာရှိတစ်ဦး သေဆုံးခဲ့ကြောင်း အီဂျစ်အစိုးရမီဒီယာက ဖော်ပြသည်။

အီဂျစ်စစ်သားများက ကာဒါဆာမြို့တွင်းရှိ နေအိမ်များ၌ သမ္မတဟောင်းမော်စီ၏ မွတ်စလင်ညီနောင်များ လှုပ်ရှားမှုအဖွဲ့ဝင်များကို ရှာဖွေလျက်ရှိကြောင်း ဒေသခံများက ယနေ့အစောပိုင်းတွင် ဘီဘီစီသတင်းဌာနသို့ ပြောကြားသည်။

ဘီဘီစီ။

နယူးယောက်မြို့လယ်မှ အီရန်အစိုးရပိုင် တာဝါ အမေရိကန်အစိုးရသိမ်းမည်

နယူးယောက် စက်တင်ဘာ ၁၉

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ မန်ဟက်တန်ရပ်ကွက်အတွင်းရှိ တာဝါတစ်ခုကို အီရန်နိုင်ငံက လျှို့ဝှက်စွာပိုင်ဆိုင်ကြောင်း အစိုးရရှေ့နေက ထုတ်ဖော်ပြောဆိုခဲ့ပြီးနောက် ယင်းအဆောက်အအုံကို အာဏာပိုင်များက သိမ်းယူတော့မည်ဖြစ်ကြောင်း မကြာသေးမီ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းအဆောက်အအုံသည် အကြမ်းဖက်ဝါဒနှင့်ဆက်နွယ်နေသည့် အကြီးမားဆုံးသော သိမ်းယူသည့်ပစ္စည်းဖြစ်ကြောင်း တရားရေးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ဖစ်အဲဗင်နျူးပိုင်ရှင်များသည် ငှားရမ်းခရငွေများကို အီရန်အစိုးရပိုင် မဲလ်လီဘဏ်သို့ ပေးသွင်းခြင်းဖြစ်သည့်အတွက် အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူထားခြင်းကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ရှေ့နေများက ပြောကြားသည်။

ပိုင်ရှင်တစ်ဦးဖြစ်သူ အလာဗီဖောင်ဒေးရှင်းက အဆိုပါသိမ်းယူရန်ဆုံးဖြတ်ချက်ကို စိတ်ပျက်မိကြောင်း၊ အသနားခံလွှာတင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အလာဗီနှင့် ၎င်း၏ပူးတွဲပိုင်ရှင် အက်ဆာကော်ပိုရေးရှင်းတို့သည် မဲလ်လီဘဏ်အတွက် ရှေ့ထွက်လှုပ်ရှားနေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် အီရန်အစိုးရအတွက် ရှေ့ထွက်လှုပ်ရှားပေးနေသူများဖြစ်ကြောင်း မန်ဟက်တန်ဗဟိုအစိုးရရှေ့နေ ပရက်ဘာရာရာက ပြောကြားသည်ဟု အေအက်ဖ်ပီက ဖော်ပြသည်။

ယင်း ၃၆ထပ်အဆောက်အအုံအား ရောင်းချ၍ရရှိလာသောငွေများကို အီရန်နိုင်ငံ၏ အထောက်အပံ့ခံ အကြမ်းဖက်သမားများကြောင့် ဒုက္ခရောက်ကြသူများအား လျော်ကြေးငွေအဖြစ် ထောက်ပံ့မည်ဖြစ်သည်ဟု ပြောကြားသည်။

အလာဗီသည် အီရန်နိုင်ငံအတွက် မေတ္တာရှင်အဖွဲ့အစည်းတစ်ခုအဖြစ်လည်းဆောင်ရွက်ပြီး အီရန်အစိုးရကိုယ်စား ၎င်းအဆောက်အအုံကို စီမံခန့်ခွဲခဲ့ကြောင်း တရားရေးဌာနက ပြောကြားသည်။

ဘီဘီစီ။

နယူးယောက်မြို့ မန်ဟက်တန်ရပ်ကွက်ရှိ မိုးမြင့်အဆောက်အအုံများကို တွေ့ရစဉ်။

"မျက်စိဂေဒနာရှင်များ လာရောက်ကုသနိုင်ပါပြီ"

၂၅-ကြိမ်မြောက်(ငွေရတုအထိမ်းအမှတ်)အဖြစ် ဖွင့်လှစ်ကုသမည့်

မျက်စိကုအစီအစဉ်ကို စက်တင်ဘာလ၊ (၂၆) ရက်နေ့မှ (၂၉)

ရက်နေ့အထိ စမ်းသပ် ကုသပေးပါမည်။ စေတနာရှင် အလှူရှင်များ၏

လုပ်အားဒါန ငွေကြေးဒါန ပညာဒါနများ ပါဝင်ကုသိုလ်ယူနိုင်ပါရန်

ဖိတ်ခေါ်အပ်ပါသည်။

၀၉ ၅၂၇၈၀၇၃ ၊ ၀၉ ၅၂၇၈၀၈၉ ၊ ၀၉ ၅၀၇၀၄၄၂

Face Book- သီတဂူစက္ခုဒါနဆေးရုံတော်-သီပေါမြို့

ပတ်ဝန်းကျင် မှတ်စုများ နိုင်ငံတကာရေးရာ

အောင်မင်းစိုး

◆ အမေရိကန်သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီ၏သမီး ကာရိုလိုင်းကနေဒီသည် ဂျပန်နိုင်ငံဆိုင်ရာအမေရိကန်သံအမတ်အဖြစ် ရွေးချယ်ခံထားရမှုအတွက် လွှတ်တော်၏စုံစမ်းစစ်ဆေးမှုခံယူရန် ပြင်ဆင်လှုပ်ရှားလျက်ရှိသည်။ ကာရိုလိုင်းကနေဒီသည် ရှေ့နေတစ်ဦးဖြစ်သည့်အပြင် စာရေးဆရာတစ်ဦးလည်းဖြစ်ပြီး သူ၏ သံတမန်ရေးရာစာအုပ်မှာ အရောင်းရဆုံးစာအုပ်စာရင်းဝင်ခဲ့သည်။ ကာရိုလိုင်းကနေဒီကို သမ္မတအိုဘားမားက ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်အဖြစ် ရွေးချယ်အဆိုပြုထားပြီး အတည်ပြုခန့်ထားခြင်းခံရပါက အာရှ-အမေရိကန်ဆက်ဆံရေး၏ အရေးပါသောနေရာတစ်ခု၌ တာဝန်ထမ်းဆောင်ရမည့် ပထမဆုံးအမျိုးသမီးဖြစ်လာမည် ဖြစ်သည်။

◆ လစ်ဗျားခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီ၏သား ဆာအစ်ဖ်အယ်အစ္စလာမ်နှင့် အစိုးရအဖွဲ့ဟောင်း ထိပ်တန်းအရာရှိ ၃၇ ဦးကို ၂၀၁၁ ခုနှစ်က လစ်ဗျားနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ဆူပူအုံကြွမှုများအတွင်းကျူးလွန်ခဲ့သောပစ်မှုများနှင့်ပတ်သက်၍ စက်တင်ဘာ ၁၉ ရက်တွင် ရုံးတင်စစ်ဆေးရန်စီစဉ်ခဲ့သော်လည်း ဒီဇင်ဘာ ၁၂ ရက်သို့ ပြောင်းရွှေ့လိုက်ကြောင်း လစ်ဗျားနိုင်ငံပိုင်ရုပ်သံသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

◆ ရုရှားရေတပ်က ယခင်အမိန့်ထုတ်ပြန်၍ မြေထဲပင်လယ်အရှေ့ပိုင်းသို့ သွားရောက်ရန် စေလွှတ်ထားသော စစ်သင်္ဘောနှစ်စင်း၏ခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။ အဆိုပါစစ်သင်္ဘောနှစ်စင်းကို လာမည့်ဖေဖော်ဝါရီလ၌ (၂၂)ကြိမ်မြောက် ဆောင်းရာသီအိုလံပစ်ပွဲတော် လက်ခံကျင်းပမည့် ပင်လယ်နက်ကမ်းခြေရှိ ဆိုချီမြို့၏ လုံခြုံရေးတာဝန်ယူရန် ပြောင်းရွှေ့နေရာချထားလိုက်ကြောင်း ရုရှားရေတပ်၏အဆိုကို ကိုးကား၍ အင်တာဖက်စ်သတင်းဌာနက ရေးသားဖော်ပြသည်။

◆ အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမားတြားပြည်နယ်ရှိ ဆီနာဘန်းမီးတောင်သည် လွန်ခဲ့သည့် သီတင်းပတ်ကတည်းက ပြင်းထန်စွာပေါက်ကွဲပြီး ချော်ရည်ပူများမှုတ်ထုတ်နေမှုကြောင့် ဒေသခံပြည်သူ ၁၅၀၀၀ ကျော်သည် အိုးအိမ်များကိုစွန့်ခွာထွက်ပြေးနေရပြီး ပြည်တွင်းလေကြောင်းလိုင်းများအနေဖြင့် မီးတောင်အနီးမှ ပျံသန်းခြင်းမပြုလုပ်ရန် သတိပေးချက်ထုတ်ပြန်ထားကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

နှစ်နိုင်ငံတပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၉

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်အား ထိုင်းကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် General Tanongsak Apirakyotin ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီးဂိမ်းအထိမ်းအမှတ် သင်္ကေတ Theme Song သီချင်းဆုပေးပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်မည်

နေပြည်တော် စက်တင်ဘာ ၁၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် အသုံးပြုမည့် ပြိုင်ပွဲအထိမ်းအမှတ် သင်္ကေတအဖြစ် Theme Song သီချင်းဆုပေးပွဲ အခမ်းအနားနှင့် စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ စက်တင်ဘာ ၂၁ ရက် ညနေ ၃ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး ဆုပေးပွဲအပြီး Theme Song ရွေးချယ်ခဲ့မှုနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီမြစ်ရေနှင့် ဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁၉

ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့၌စက်တင်ဘာ ၁၅ ရက် ညနေ ၆ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၄ စင်တီမီတာ(၂ ဒသမ ၁ ပေခန့်) ကျော်လွန်နေကာ နောက် သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌စက်တင်ဘာ ၁၆ ရက် နံနက် ၃ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၆ စင်တီမီတာ (၁ ဒသမ ၈ ပေခန့်) ကျော်လွန်နေကာ နောက် သုံးရက်အတွင်း ၂၀ စင်တီမီတာ(၀ ဒသမ ၇ ပေခန့်) ဆက်လက်မြင့်တက်လာနိုင်၍ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဧရာဝတီမြစ်ရေ မင်းဘူးမြို့တွင် ဆက်လက်မြင့်တက်

မင်းဘူး စက်တင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်ရှိ လမ်းများနှင့် နေအိမ်များအတွင်း ရေများဝင်ရောက်လျက်ရှိပြီး လှေများဖြင့်ဝင်ထွက်သွားလာကြသည်ကို တွေ့ရှိရပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ခိုင်စိုးလင်း-မကွေးကိုယ်ပွား)

မြန်မာ-ဂျပန်အသင်းက ဂျပန်-မြန်မာအသင်းအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာ-ဂျပန်အသင်းက ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာစားပွဲတွင် မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌ ဦးစောလှမင်းနှင့် အသင်း ဗဟိုအလုပ်အမှုဆောင်များနှင့် ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် ကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံအသင်းနှစ်သင်းအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကို ဆွေးနွေးကြသည်။

အဆိုပါ နေ့လယ်စာ စားပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ ရန်ကုန်မြို့ရှိ ဂျပန်စက်မှုနှင့် ကုန်သည်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပုဂံ-ရန်ကုန် အဆန်အထူးရထား ဘီးချော်

ရန်ကုန် စက်တင်ဘာ ၁၉

စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲခန့်က ပုဂံမှ ရန်ကုန်သို့ထွက်ခွာလာသည့် စက်ခေါင်းအမှတ် DF 2059 ပုဂံ-ရန်ကုန်အဆန်အထူးရထားသည် ခရီးသည် ၁၅၀ ခန့်တင်ဆောင်၍မောင်းနှင်လာစဉ် တိုက်ကြီးမြို့နယ် ဥက္ကံဘူတာအနီး ရထားလမ်းမိုင်တိုင်အမှတ် (၅၆/၁၇) နှင့် (၅၆/၁၈)အကြားတွင် ရထားတွဲခုနစ်တွဲရှိသည့်အနက် စက်ခေါင်း၏နောက် သုံးတွဲမြောက်ရထားတွဲမှာ ဘီးချော်ကာ ယာဘက်သို့ကျသွားခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

(ဝ၄၀)

ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့



Junction Cineplex ၂၀ . ၉ . ၂၀၁၃ တွင် စတင်ပြသမည့် ဇာတ်ကားများ (တစ်ပတ်စာ ကြိုတင် Booking လက်ခံနေပါပြီ) JunctionCineplex

Junction Square (Ph - 01 527 055)		
THE CONJURING	Sun to Thu	10 : 00AM ; 1: 00PM ; 4 : 00PM ; 7 : 00PM
	Fri & Sat	10 : 00AM ; 1: 00PM ; 4 : 00PM ; 7 : 00PM ; 9 : 30PM
The Mortal Instrument	Sun to Thu	10 : 00AM ; 1: 00PM ; 4 : 00PM ; 7 : 00PM
	Fri & Sat	10 : 00AM ; 1: 00PM ; 4 : 00PM ; 7 : 00PM ; 9 : 30PM
[illegible]	Sun to Thu	10 : 00AM ; 12 : 30PM ; 3 : 30PM ; 6 : 30PM
	Fri & Sat	10 : 00AM ; 12 : 30PM ; 3 : 30PM ; 6 : 30PM ; 9 : 30PM
Junction Maw Tin (Ph - 01 225 244)		
THE CONJURING	Sun to Thu	10 : 00AM ; 1: 00PM ; 4 : 00PM ; 7 : 00PM
	Fri & Sat	10 : 00AM ; 1: 00PM ; 4 : 00PM ; 7 : 00PM ; 9 : 30PM
[illegible]	Sun to Thu	10 : 00AM ; 12 : 30PM ; 3 : 30PM ; 6 : 30PM
	Fri & Sat	10 : 00AM ; 12 : 30PM ; 3 : 30PM ; 6 : 30PM ; 9 : 30PM
Junction Nay Pyi Taw (Ph - 067 421 615)		
[illegible]	Daily	10 : 30AM ; 1: 30PM ; 4 : 30PM ; 7 : 30PM

THE CONJURING

လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ အင်းစိန်သစ်ဆိပ် ဝန်ထမ်းအိမ်ရာအဟောင်း(၅)လုံးအား ဖျက်သိမ်းဝယ်ယူရန် အိတ်ဖွင့်လေလံဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) ပစ္စည်းအမျိုးအမည် - ဝန်ထမ်းအိမ်ရာအဟောင်း(၅)လုံး
(ခ) လေလံတင်ရောင်းချမည့်နေ့ရက် - ၄-၁၀-၂၀၁၃ ရက်(သောကြာနေ့)၊ နံနက် ၁၀း၀၀ နာရီ
(ဂ) လေလံတင်ရောင်းချမည့်နေရာ - သစ်လုံးရောင်းဌာနစု(၁)၊ သစ်လုံးသိုလှောင်ရေးဌာနသွယ်ရုံး၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်
(ဃ) လျှောက်လွှာရောင်းချမည့်နေ့ရက် - ၂၃-၉-၂၀၁၃ ရက်(တနင်္လာနေ့)မှ ၂-၁၀-၂၀၁၃ရက်(အင်္ဂါနေ့)အထိ

၂။ လေလံဝယ်ယူမည့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၂-၁၀-၂၀၁၃ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရှိ သစ်လုံးရောင်းဌာနစု(၁)၊ ဘဏ္ဍာရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။

ဝန်ထမ်းအိမ်ရာအဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့
ဖုန်း-၀၁-၅၂၈၇၅၆၊ ၀၉-၇၃၀၄၀၆၄၁

အားကစားနှင့် တားမြစ်ဆေးဝါး

တက္ကသိုလ်
ကျော်ခိုင်သန်း

"ဒုပ်ပင်း" ဆိုသော ဝေါဟာရသည် အားကစားလောကတွင် ရေပန်းစားလျက် နောက်ဆက်တွဲကြီးမားသော ဆိုးကျိုးများကိုဖြစ်စေသောကြောင့် အထူးဂရုစိုက်နေရသော တားမြစ်ဆေးဝါးများပင်ဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့အားကစားလောကတွင် အားကစားစံချိန်သစ်တင်နိုင်ခြင်းထက် အားကစားသမားတစ်ယောက် တားမြစ်ဆေးဝါးသုံးစွဲခြင်း ရှိ၊ မရှိဆိုသောအချက်ကို ဦးစားပေး၍ လေ့လာသုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့နေရပါသည်။

ခေတ်သစ်အိုလံပစ်အားကစားလှုပ်ရှားမှုများ စတင်ပြုလုပ်ခဲ့ကြတဲ့ ၁၈၉၆ ခုနှစ်ကစပြီး အားကစားသမားတွေဟာ လေ့ကျင့်မှုတွေမှာ တစ်ခေတ်ထက်တစ်ခေတ် ပိုမိုတိုးတက်လာခဲ့ပါတယ်။ အားကစားသမားတွေဟာ စွမ်းရည်ထက်မြက်မှုရရှိရေးအတွက် ကိုယ်ပိုင်အချိန်တွေ၊ ပျော်ရွှင်သာယာမှုတွေကို စတေးပြီး သံမဏိစိတ်ဓာတ်စည်းကမ်းတွေနဲ့ အိတ်သွန်ဖာမှောက်ကြိုးစားလေ့ကျင့်မှုတွေ ပြုလုပ်ကြပါတယ်။ အားကစားယှဉ်ပြိုင်မှုတွေ တိုးတက်လာခဲ့ပြီး အားကစားအောင်မြင်မှုတွေနဲ့အတူ အားကစားစီးပွားရေးဈေးကွက်အမြတ်အစွန်းတွေဟာ မမျှော်မှန်းနိုင်လောက်အောင် ကြီးမားလာတာနဲ့အမျှ အားကစားသမားတွေရဲ့ခံယူချက်တွေလည်း ပြောင်းလဲလာခဲ့ပါတယ်။ ကိုယ့်အားကိုယ်ကိုးပြီး အစွမ်းကုန်ကြိုးစားရုံနဲ့ မလုံလောက်တော့ဘူးလို့ မြင်လာကြတယ်။ အစွမ်းကုန်အားကစားအောင်မြင်မှုရရှိရေးအတွက် အားကစားလောကမှာ ဓာတုဆေးဝါးအတုတွေကို သုံးစွဲလာခဲ့ကြပါတယ်။ အားကစားစွမ်းရည် တိုးတက်မြင့်မားစေတဲ့ အထောက်အကူပြုဆေးဝါးတွေဟာ အားကစားသမားတွေ၊ သိပ္ပံပညာရှင်တွေနဲ့ ဆရာဝန်တွေကြားမှာ အားကိုးစရာ အကောင်းဆုံး (တန်ခိုးရှင်) ဖြစ်လာပါတယ်။ အဲ့ဒီလိုနဲ့ တားမြစ်ဆေးဝါးတွေသုံးစွဲမှုဟာ အားကစားလောကမှာ တစ်စထက်တစ်စ ခြေကုပ်ခိုင်မာလာပါတယ်။ တားမြစ်ဆေးဝါးသုံးစွဲခြင်းမှာ လူရဲ့ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို ထိခိုက်နိုင်သည့်အပြင် တရားမျှတစွာယှဉ်ပြိုင်ရေးဆိုတဲ့ အားကစားအနှစ်သာရမူဝါဒကိုလည်း ဆန့်ကျင်ချိုးဖောက်တာဖြစ်လာခဲ့တယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီက (တားမြစ်ဆေးဝါးထိန်းချုပ်မှု)ကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ခဲ့ပါတယ်။

"ဒုပ်ပင်း - Doping" ဆိုတဲ့ တားမြစ်ဆေးဝါးစကားလုံးဟာ အာဖရိကတိုက်က ပြန့်ပွားလာတဲ့ဝေါဟာရဖြစ်ပါတယ်။ ဒုပ်ဆိုတဲ့စကားလုံးဟာ စိတ်သွေးကြွစေတဲ့ အရက်တစ်မျိုးလို့ အဓိပ္ပာယ်ရပါတယ်။

တားမြစ်ဆေးဝါးတွေကတော့ စိတ်ကြွဆေးဝါး၊ မူးယစ်ထုံထိုင်းဆေးဝါး၊ ကြွက်သားကြီးထွားစေတဲ့ဆေးဝါး၊ ခွန်အားတိုးဆေးဝါး၊ စိတ်ငြိမ်ဆေးဝါးနှင့် ဆီးရွှင်ဆေးဝါးများဖြစ်ပါတယ်။

ကမ္ဘာ့အားကစားလောကမှာ အားကစားစွမ်းရည်ကို တိုးတက်အောင် အထောက်အကူပြုသုံးတဲ့ ဆေးဝါးတွေကို ၁၉၆၀ ခုနှစ်မတိုင်မီကပင် မသိမသာစတင်သုံးစွဲလာခဲ့ကြပါတယ်။ ဒါပေမယ့် အားကစားသမားတွေက တားမြစ်ဆေးဝါးသုံးခြင်းရဲ့ "အကျိုးဆုတ်ယုတ်ထိခိုက်မှု" ရဲ့အကြောင်းကို ၁၉၆၀ ခုနှစ် ရောမအိုလံပစ်ပြိုင်ပွဲကျင်းပချိန်မှ သိရှိလာခဲ့ရပါတယ်။ အဲဒီပြိုင်ပွဲမှာ ဒိန်းမတ်နိုင်ငံသား "အင်နီမာ ဂျက်ဆင်"ဟာ စက်ဘီးပြိုင်ပွဲဝင်နေစဉ် လဲကျသေဆုံးမှုကြောင့် အားကစားလောက ဆေးဝါးသုံးစွဲမှုကိစ္စမှာ ဘူးပေါ်သလို ပေါ်ခဲ့ပါတယ်။ အားကစားကြီးကြပ်ကွပ်ကဲမှု အဖွဲ့အစည်းတွေကို မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်စေခဲ့တယ်။ "အင်နီမာဂျက်ဆင်" ဟာ "အင်ဖီတာမင်- Amphetamine" ဆေးဝါးသုံးစွဲမှုကြောင့် သေဆုံးခဲ့ရတာကို တွေ့ရပါတယ်။

ဒါကြောင့်လည်း အပြည်ပြည်ဆိုင်ရာ တားမြစ်ဆေးဝါးထိန်းချုပ်ရေးညီလာခံမှာ တားမြစ်ဆေးဝါးသုံးစွဲမှု စစ်ဆေးရန်အတွက် အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီရဲ့ "ဆေးကော်မရှင် -IOC Medical Commission" ကိုဖွဲ့စည်းပြီး အားကစားပြိုင်ပွဲတွေမှာ တားမြစ်ဆေးဝါးစစ်ဆေးဖို့အတွက် တာဝန်ပေးအပ်ပါတယ်။

အားကစားစွမ်းရည်များကို တိုးတက်စေရန်အတွက် တားမြစ်ဆေးဝါးသုံးစွဲလာခြင်းဟာ အင်မတန်စက်ဆုပ်ရွံရှာဖွယ်ရာဖြစ်ပါတယ်။ လိမ်ညာမှုလည်းဖြစ်ပါတယ်။အားကစားရည်မှန်းချက်ကိုလည်း ဖျက်ဆီးရာရောက်၍ အားကစားလောကအတွက် အားကစားစိတ်ဓာတ်ကို လမ်းကြောင်းမှားသွားအောင် ပြုလုပ်တဲ့ မကောင်းမှုဒုစရိုက်လို့ သတ်မှတ်ထားကြပါတယ်။

အိုလံပစ်တန်းကျော်အပြေးချန်ပီယံ "ဘင်ဂျွန်ဆင်"ဆိုရင် တားမြစ်ဆေးဝါးကြောင့် ဆုတံဆိပ်များအသိမ်းခံရပြီး အားကစားလောကကို ကျောခိုင်းသွားရသူဖြစ်ပါတယ်။ အမေရိကန်က အိုလံပစ်တန်းကျော်အပြေးချန်ပီယံ "အက်ဒွင် မိုးဇက်"ဆိုလျှင် တားမြစ်ဆေးဝါးဆန့်ကျင်ရေး ခေါင်းဆောင်ခဲ့သူတစ်ဦးဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် ဆိုးလ်အိုလံပစ်ပြိုင်ပွဲကာလ စက်တင်ဘာ ၂၇ ရက်နေ့တွင် အိုလံပစ်အားကစားသမားများသည် တားမြစ်ဆေးဝါးသုံးစွဲမှု ဆန့်ကျင်ရေးကို ထောက်ခံကြောင်း အောက်ပါအချက် (၃) ချက်ကို "ဆိုးလ်ကြေညာစာတမ်း" အဖြစ် လက်မှတ်ရေးထိုးကြပါတယ်။

(၁) အားကစားသမားများအား လေ့ကျင့်မှုကာလနှင့် ပြိုင်ပွဲကာလများတွင် ကြိုတင်အသိမပေးဘဲ အချိန်မရွေး တားမြစ်ဆေးဝါးစစ်ဆေးမှုကို နိုင်ငံတကာဆိုင်ရာ အတိုင်းအတာနှင့်အညီ ဆောင်ရွက်သွားရန်။

(၂) တားမြစ်ဆေးဝါးသုံးစွဲမှုအသီးသီးတွင် အပြည့်အဝစုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး ပါဝင်ပတ်သက်သူ အားကစားသမား၊ နည်းပြဆရာနှင့် အုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ်များကို သုံးသပ်ပြီး အပြစ်ကျူးလွန်သူများကို ပြင်းထန်စွာ အရေးယူစေရန်။

(၃) အနာဂတ်တွင် တားမြစ်ဆေးဝါးသုံးစွဲမှုကို ကာကွယ်နိုင်ရန်အတွက် တားမြစ်ဆေးဝါးသုံးစွဲမှု၏ အန္တရာယ်များကို အားကစားသမားများ၊ နည်းပြဆရာများနှင့် အုပ်ချုပ်သူများအား ပညာပိုမိုပေးသွားရန် တောင်းဆိုသည်ဟုဖြစ်သည်။

အားကစားလောကမှာ တားမြစ်ဆေးဝါးသုံးစွဲမှုပပျောက်သွားစေရန် ဆရာဝန်တွေ၊ နည်းပြဆရာတွေ၊ သိပ္ပံပညာရှင်တွေ၊ အားကစားသမားတွေနှင့် အားကစားဝါသနာရှင်တွေ၊ အားကစားလောကကို ကြီးကြပ်ကွပ်ကဲ ဦးဆောင်နေသူတွေ စုပေါင်းပြီးတိုက်ပွဲဝင်သွားရမှာဖြစ်ပါတယ်။ အဓိကအကျဆုံးကတော့ အားကစားသမားတွေပဲဖြစ်ပါတယ်။ အားကစားသမားတွေဟာ ကာယစွမ်းအား၊ ဉာဏစွမ်းအား၊ စိတ်ဓာတ်စွမ်းအားတွေ၊ ကိုယ့်ထူးကိုယ်ချွန်၊ ကိုယ့်အားကိုယ်ကိုး အားကစားစွမ်းရည်တွေရှိပြီးသူများ ဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီရဲ့ ရည်မှန်းချက်သည် အားကစားသမားကောင်းတစ်ယောက်ဟာ လုံးဝပြီးပြည့်စုံတဲ့ နဂိုစွမ်းအားရှင်လူသားတစ်ယောက်ဖြစ်လာစေရေးအတွက်မျှော်မှန်းပြီး စွမ်းအားရှင်အတုဖြစ်လာအောင် ဖန်တီးရန်မဟုတ်ပါ။ တားမြစ်ဆေးဝါးဟာ ပင်ကိုပကတိအစွမ်းအစရှိပြီးသား အားကစားသမားတွေကို လူအတုဖြစ်အောင် လုပ်ဆောင်ပေးနေတဲ့ အကြီးမားဆုံး ထောင်ချောက်အန္တရာယ်ဖြစ်နေတာကို သိရှိနားလည်ဖို့ အရေးကြီးပါတယ်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌လည်း တားမြစ်ဆေးဝါးသုံးစွဲမှုစစ်ဆေးခြင်းကိစ္စကို အလေးအနက်ထား၍ စစ်ဆေးမည်ဖြစ်သောကြောင့် ပြိုင်ပွဲဝင်မည့် အားကစားသမားများအားလုံး တားမြစ်ဆေးဝါးသုံးစွဲခြင်းကို လုံးဝရှောင်ရှား၍ မိမိ၏ပင်ကိုစွမ်းရည်ဖြင့် ဆုတံဆိပ်များကို ဆွတ်ခူးနိုင်ရန် ကြိုးစားသင့်ကြောင်း အသိပေးတင်ပြလိုက်ရပါသည်။ ။

တွဲလက်ညီညာ ခုချိန်ခါ

❖ ဤမြေဒေသ
ဗီဇသန္ဓေ၊ ကောင်းအမွေနှင့်
ရေမြေတောတောင် အလှဆောင်။

❖ ပန်းစုံမွှေး၍
ငှက်ကျေးသာရကာ၊ တေးသံသာနှင့်
ချိန်ခါမရွေး အေးရိပ်ထင်။

❖ သွက်သွက်လက်လက်
ချိတ်ဆက်မှန်စွာ၊ နည်းပညာနှင့်
ခိုင်မာရိုးသား၊ ညီညွတ်အားလည်း
တိုးပွားလမ်းစ ပွင့်လိမ့်မည်။

❖ ဘယာမသန်း
အေးချမ်းအစဉ်၊ ဖြစ်စေချင်၍
ပြုပြင်မှုကောင်း၊ ပြုပြင်ကြောင်းနှင့်
စုပေါင်းအမှန်၊ အောင်စည်သံလည်း
မြေယံမိုးထက်သာလိမ့်မည်။

❖ အထင်ကရ
တော်စွလျော်စွ၊ လုပ်ပြတတ်သူ
လိမ်ညာလှည့်ဖြား၊ လုပ်စားတတ်သူ
ကပ်ခြောက်ပင့်မြှောက်၊
စားသောက်တတ်သူ
အချောင်လိုက်ကာ၊ ရေသာခိုသူ
ကျင့်မူပျက်များ၊ ပပျောက်သွားသော်
ရိုးသားအသွင်၊ တိုးပွားစဉ်နှင့်
ပြုပြင်နည်းမှန်၊ စိတ်အားသန်၍
မြန်ဆန်သွက်လက်၊ ရှိန်မပျက်ပင်
တွဲလက်ညီညာ၊ ခုချိန်ခါဝယ်
ပြည်ရွာကောင်းကျိုး ဖြစ်လိမ့်မည်။ ။

ဖိုလေးလုံးသောင်းကိုကို

အလွတ်တန်းဆောင်းပါးပြိုင်ပွဲ

၂၀၁၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို "သဘာဝဘေးလျော့ပါးရေး၊ မသန်စွမ်းလည်းပူးပေါင်းပေး" "*A Not So Obvious Conversation Living With Disability and Disasters*"ခေါင်းစဉ်ဖြင့် ကျင်းပ ပြုလုပ်မည်ဖြစ်ပါသဖြင့် ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် စာမူများကို အမည်၊ မှတ်ပုံတင် အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ကိုယ်တိုင်ရေးသားကြောင်း ကတိဝန်ခံချက် ပူးတွဲလျက် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃) နေပြည်တော်သို့ ၃၀-၉-၂၀၁၃ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။ (သတ်မှတ်ရက်ထက်နောက်ကျမှ ရောက်ရှိလာသော စာမူများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

ဆုရရှိသူများအား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်တွင် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် *(UNDP)*တို့မှ အောက်ပါအတိုင်း ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။ (အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်- ၀၆၇-၄၀၄၀၄၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။) (*http://www.unisdr.or g/2013/iddr* တွင် မှီငြမ်းရန် အချက်အလက်များရှာဖွေ လေ့လာနိုင်ပါသည်။)

ပထမဆု - ၃၀၀၀၀၀ (ကျပ်သုံးသိန်းတိတိ)
ဒုတိယဆု - ၂၀၀၀၀၀ (ကျပ်နှစ်သိန်းတိတိ)
တတိယဆု - ၁၀၀၀၀၀ (ကျပ်တစ်သိန်းတိတိ)

မိဘပြည်သူတွေဟာ ရုပ်သံလိုင်းများကို တစ်ပြိုင်နက်တည်း အားရပါးရကြည့်ရှုနိုင်ကြမှာပါ

ပြည်သူလူထုအကြိုက် ရုပ်သံလိုင်းရွေးချယ်ကြည့်ရှုနိုင်တဲ့ အခွင့်အလမ်းရရှိလာ

သတင်းအဖွဲ့

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်ကို Analogue စနစ်မှာ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်ရေး ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများအား သတင်းအဖွဲ့မှ သွားရောက်တွေ့ဆုံမေးမြန်းပြီး သိရှိခဲ့သည်များကို ပြန်လည်ရေးသားဖော်ပြလိုက်ပါသည်-

မေး။ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို လက်ရှိထုတ်လွှင့်နေတဲ့စနစ်မှ Digital စနစ်ကို ပြောင်းလဲထုတ်လွှင့်မယ့်အစီအစဉ်ကို သိလိုပါတယ်။

ဖြေ။ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်ကို လက်ရှိ Analogue စနစ်နဲ့ ထုတ်လွှင့်နေပါတယ်။ NTSC စနစ်ဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာ ရုပ်မြင်သံကြားစလွှင့်တဲ့ ၁၉၈၀ ခုနှစ်က စပြီး ယနေ့တိုင် Analogue NTSC စနစ်နဲ့ ထုတ်လွှင့်နေပါတယ်။ ယခုအခါမှာ တိုးတက်ပြောင်းလဲလာတဲ့ Digital နည်းပညာဖြစ်တဲ့ Digital ရုပ်သံထုတ်လွှင့်စနစ်ကို ထုတ်လွှင့်သွားမှာပါ။ DVB-T2 ဆိုတဲ့ စနစ်ဖြစ်ပါတယ်။

မေး။ DVB-T2 Digital စနစ်ကို ဘယ်တော့ စလွှင့်မှာပါလဲ၊ ဘယ်မြို့တွေမှာ လွှင့်မှာပါလဲ။

ဖြေ။ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှာ စတင်စမ်းသပ်ထုတ်လွှင့်ပါမယ်။ ပြီးတော့ အောက်တိုဘာ ၁၅ ရက်မှာ ပုံမှန်ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စတဲ့ သုံးနေရာမှာစလွှင့်ပါမယ်။ ပထမအဆင့်သုံးရုံပြီးရင် ဒုတိယအဆင့်အနေနဲ့ မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေ၊ မင်းဘူး၊ ကလေး(ကနေဒီ)၊ ဖလမ်း၊ ပုပ္ပား၊ မိတ္ထီလာ၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ ပြည်၊ လှိုင်ကော်၊ မော်လမြိုင်၊ ဘားအံ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ ထားဝယ် စတဲ့မြို့တွေမှာရှိတဲ့ MRTV စက်ရုံတွေမှာ တိုးချဲ့မှာဖြစ်ပြီး အောက်တိုဘာ၊ ဒီဇင်ဘာလမှာ စက်ပစ္စည်းတွေ ရောက်ရှိလာမှာဖြစ်ပါတယ်။

မေး။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်ကိုလည်း သိလိုပါတယ်။

ဖြေ။ ဒီစက်ရုံ ၂၁ ရုံပြီးတဲ့အခါမှာ တတိယအဆင့်အနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ စက်ရုံ ၅၆ ရုံကို ၂၀၁၄-၂၀၁၅ မှာ Digital ပြောင်းလဲဖို့ လျာထားပါတယ်။ ပြီးတော့ ၂၀၁၅-၂၀၁၆ မှာ စက်ရုံ ၁၁၀ ကို Digital ပြောင်းလဲဖို့လျာထားပါတယ်။

မေး။ Analogue စနစ်နဲ့ Digital ထုတ်လွှင့်မှုစနစ် ဘယ်လိုကွာခြားပါသလဲ။

ဖြေ။ Analogue စနစ်မှာ လွှင့်စက်တစ်လုံးက Program ရုပ်သံလိုင်းတစ်ခုသာ လွှင့်နိုင်ပြီး Digital စနစ်မှာတော့ ရုပ်သံလိုင်းရှစ်ခု၊ ၁၀ခု၊ ၁၂ ခုစသည်ဖြင့် ထုတ်လွှင့်နိုင်ပါတယ်။

မေး။ အခု MRTV က စလွှင့်မယ့်စနစ်မှာ ရုပ်သံလိုင်း ဘယ်နှခု ဖြစ်ပါသလဲ။

ဖြေ။ ပထမအစမှာ ရုပ်သံလိုင်း ငါးခုနဲ့ စလွှင့်ပါမယ်။ အဲဒါတွေကတော့ MRTV,MITV၊ တိုင်းရင်းသားရုပ်သံလိုင်း (National Races Channel)၊ လွှတ်တော် ရုပ်သံလိုင်းနဲ့ Farmers ရုပ်သံလိုင်းတွေ ဖြစ်ပါတယ်။ တဖြည်းဖြည်း ရုပ်သံလိုင်း ရှစ်ခုအထိ တိုးချဲ့ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။

မေး။ DVB-T2 စနစ်ကို အခြား ဘယ်နိုင်ငံတွေမှာကော သုံးပါသလဲ။

ဖြေ။ DVB -T2 စနစ်ဟာ DVB-T က အစပြုလာတာကို ပြောပြီးပါပြီ။ ဒီစနစ်ဟာ ဥရောပနိုင်ငံတွေမှာ ၁၉၉၈ ခုနှစ်လောက်က စတင်သုံးခဲ့တာပါ။ ATSC စနစ်ကတော့ အမေရိကန်မှာသုံးတဲ့စနစ်ဖြစ်ပြီး ISDB-T က ဂျပန်မှာသုံးတဲ့ စနစ်ဖြစ်ပါတယ်။ အာဆီယံနိုင်ငံများမှာ DVB-T စနစ်ကို အာဆီယံရဲ့ Digital Standard အဖြစ် ရွေးချယ်ထားပါတယ်။ ကျွန်တော်တို့ကလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအနေနဲ့ DVB-T ကိုပဲ ရွေးချယ်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာပဲ ကျွန်တော်တို့နိုင်ငံမှာ DVB-T ကို Digital Standard အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ပါတယ်။

မေး။ မူလလွှင့်တဲ့ Analogue လွှင့်စက်လွှင့်အားနဲ့ အခုလွှင့်မယ့် Digital လွှင့်စက်လွှင့်အား ဘယ်လိုကွာခြားပါသလဲ။

ဖြေ။ လက်ရှိ Analogue စက်ရုံကြီးတွေဖြစ်တဲ့ ရန်ကုန်၊ တောင်ငူ၊ စစ်ကိုင်း၊ တောင်ကြီးစတဲ့ မြို့ကြီးက လွှင့်စက်တွေဟာ 10 KW Power တွေဖြစ်ပါတယ်။ Digital စနစ်မှာတော့ လက်ရှိ Analogue Power ထက် သုံးပုံတစ်ပုံလွှင့်ရုံနဲ့ မူလ Analogue ရဲ့ လွှင့်အားပျံ့နှံ့တဲ့ Coverage ကို ရောက်ရှိပါတယ်။ ဒါကြောင့် Digital လွှင့်စက်ရုံတွေမှာ Power ကို 3 KW ထားရှိပြီး ထုတ်လွှင့်ပါတယ်။ Power Consumption အနေနဲ့ Analogue စက်မှာ 30 KW လောက်ရှိပြီး Digital စက်မှာတော့ 20 KW လောက်ရှိပါတယ်။

မေး။ Digital ထုတ်လွှင့်မှုကို ဘယ်လို ဖမ်းယူကြည့်ရှုရပါမလဲ။

ဖြေ။ ကျွန်တော်တို့ Analogue စနစ်နဲ့ လွှင့်နေတုန်းက အိမ်က TV တွေက Antenna ထောင်ပြီး ဖမ်းရုံနဲ့ ကြည့်ရှုနိုင်ပါတယ်။ ဒါပေမယ့် Digital စနစ်နဲ့ လွှင့်တဲ့အခါမှာ Digital Tuner ပါတဲ့ Digital TV နဲ့ ကြည့်ရှုနိုင်ပါတယ်။ လက်ရှိ ကိုယ့်အိမ်မှာရှိတဲ့ Analogue TV တွေနဲ့ ကြည့်မယ်ဆိုရင်တော့ Set-top Box တပ်ပြီး ကြည့်ရပါမယ်။ အဲဒီမှာ စနစ်လည်း တူဖို့လိုပါမယ်။ ကျွန်တော်တို့ လွှင့်တဲ့စနစ်က DVB-T2 MPEG-4 စနစ် ဖြစ်တဲ့အတွက် Digital TV တွေဟာ DVB-T2 MPEG-4 စနစ်ကို Tuning လုပ်နိုင်တဲ့ TV ဖြစ်ရပါမယ်။ ပြီးတော့ Set-top Box မှာဆိုရင်လည်း DVB-T2 MPEG-4 Set-top Box ဖြစ်ရပါမယ်။ ထုတ်လွှင့်တာက UHF စနစ် ဖြစ်တဲ့အတွက်ကြောင့် Antenna ဟာလည်း UHF Antenna နဲ့ဖမ်းရပါမယ်။

မေး။ MRTV က လွှင့်တဲ့စနစ်မှာ လစဉ်ကြေး ပေးကြည့်ရမယ့် စနစ်ဖြစ်ပါသလား။

ဖြေ။ ကျွန်တော်တို့ ထုတ်လွှင့်တဲ့စနစ်က အခကြေးငွေပေးစရာမလိုတဲ့ Free To Air စနစ်ဖြစ်ပါတယ်။ ထုတ်လွှင့်တဲ့စနစ်မှာ CA လို့ခေါ်တဲ့ Conditional Access System မထည့်ထားပါဘူး။ အဲဒါကြောင့် ဖမ်းစက်မှာလည်း ကတ်ထည့်စရာမလိုဘဲ ဖမ်းယူကြည့်ရှုနိုင်ပါတယ်။ ဒ့ါအပြင် DVB-T2 TV စက်၊ ဒါမှမဟုတ် DVB-T2 Set-top Box ဟာ DVB-T နဲ့ လွှင့်တဲ့စနစ်ကိုလည်း ဖမ်းယူကြည့်ရှုနိုင်ပါတယ်။ ဒါပေမယ့် အဲဒီ DVB-T နဲ့ လွှင့်တဲ့စနစ်ကတော့ Free To Air စနစ်ဖြစ်ရပါမယ်။

မေး။ ဖမ်းယူကြည့်ရှုတဲ့နေရာမှာ Analogue နဲ့ Digital ဘာကွာခြားချက်ရှိပါသလဲ။

ဖြေ။ Digital စနစ်ဟာ Analogue စနစ်ထက်ပိုပြီး ရုပ်ပုံကြည်လင်ပြတ်သားမှုရှိပါတယ်။ Analogue စနစ်မှာ Signal Strength ဖမ်းယူအားကောင်းတဲ့နေရာမှာ ပုံကြည်လင်ပြတ်သားပြီး နည်းတဲ့နေရာမှာတော့ ပုံမှုန်ဝါးနေတတ်ပါတယ်။ Digital စနစ်မှာတော့ ပုံမှုန်ဝါးတာမျိုးမရှိဘဲ လုံးဝကြည်လင်ပြတ်သားပြီး သိပ်ဝေးသွားလို့ Signal Lock မဖြစ်တဲ့နေရာမှာတော့ လုံးဝဖမ်းမရတာမျိုးရှိပါမယ်။

မေး။ Digital စနစ်လွှင့်တဲ့အခါမှာ လက်ရှိ Analogue စနစ် ကို ချက်ချင်းရပ်လိုက်မှာလား။

ဖြေ။ ဒီလိုမဟုတ်ပါဘူး။ Analogue စနစ်ကိုလည်း ဆက်လက်ထုတ်လွှင့်ပေးနေပါမယ်။ Digital စနစ်နဲ့ အတူ အပြိုင်ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ သုံးနှစ်အပြိုင်ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ Analogue ဖမ်းယူကြည့်ရှုသူက ရုပ်သံလိုင်းတစ်ခုသာ ကြည့်ရှုနိုင်ပြီး Digital ဖမ်းယူကြည့်ရှုသူက ရုပ်သံလိုင်းငါးခု ကြည့်ရမှာ ဖြစ်ပါတယ်။ အချို့နိုင်ငံတွေမှာတော့ အပြိုင်ထုတ်လွှင့်မှုကို နှစ်နှစ်ထက် ပိုမထားကြပါဘူး။ တစ်နှစ်ထားတဲ့နိုင်ငံတွေလည်း ရှိပါတယ်။

မေး။ တစ်နိုင်ငံလုံးမှာ ဘယ်တော့ Analogue တွေ အားလုံးထုတ်လွှင့်မှုရပ်မှာပါလဲ။

ဖြေ။ Digital ထုတ်လွှင့်မှုဟာ အဆင့်အလိုက်ဖြစ်တာကြောင့် Analogue ထုတ်လွှင့်မှုရပ်တာဟာလည်း အဆင့်လိုက်ပဲဖြစ်ပါမယ်။ ASO လို့ခေါ်တဲ့ Analogue Switch Off Date ကို နောက်ဆုံးအဆင့် Digital လွှင့်ပြီး သုံးနှစ်အကြာမှာ သတ်မှတ်ရမှာဖြစ်ပါတယ်။ ITU (International Telecommunication Union)ကတော့ နိုင်ငံများကို Digital ပြောင်းလဲဖို့အတွက် ASO ကို ၂၀၁၅ ခုနှစ် သတ်မှတ်ထားပါတယ်။ ဒါပေမယ့် အာဆီယံနိုင်ငံအများစုမှာ အခြေအနေ အရပ်ရပ်ကြောင့် မပြောင်းလဲနိုင်သေးဘဲ ၂၀၂၀ ကို နောက်ဆုံးထားပြီး ASO လုပ်ဖို့ လျာထားပါတယ်။ အခုကျွန်တော်တို့ အဆင့် လေးခုနဲ့ Digital ပြောင်းလဲရေး ဆောင်ရွက်နေရာမှာ စတုတ္ထအဆင့်ဟာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာဖြစ်တာကြောင့် သုံးနှစ်ထပ်ပေါင်းရင် ၂၀၁၉ ကို ကျွန်တော်တို့ရဲ့ Analogue Switch Off လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ အချို့နိုင်ငံတွေမှာတော့ ASO Date ကို ခုနှစ်၊ လ၊ ရက်၊ နာရီစတာတွေနဲ့ အတိအကျ သတ်မှတ်တာတွေလည်း ရှိပါတယ်။

မေ။ Digital စနစ်ကို ဘာကြောင့်ပြောင်းရပါသလဲ။

ဖြေ။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ရုပ်သံလိုင်းတွေ တစ်ခု၊ နှစ်ခုထက်မက ဆယ်ဂဏန်း၊ ရာဂဏန်းအထိ ကြည့်ဖို့တောင်းဆိုချက်၊ လိုအပ်ချက်တွေရှိ လာပါတယ်။ Analogue စနစ်မှာ RF လိုင်းနှုန်းရုပ်သံလိုင်း တစ်ခုဟာ ရုပ်သံ Program တစ်ခုသာ ထုတ်လွှင့်နိုင်ပါတယ်။ ဒါကြောင့် Analogue စနစ်က Program များများ လွှင့်ဖို့ လုပ်မပေးနိုင်ပါဘူး။ Digital ပြောင်းပါမှ Analogue ထက် Program တွေ ၁၀ ဆမက တိုးချဲ့ထုတ်လွှင့်နိုင်မှာ ဖြစ်ပါတယ်။

မေး။ Digital ပြောင်းခြင်းအားဖြင့် ဘာအကျိုးရှိသွားပါသလဲ။

ဖြေ။ အဓိက Program ရုပ်သံလိုင်းများများ ထုတ်လွှင့်ပေးနိုင်ခြင်း ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ MRTV အနေနဲ့ နိုင်ငံပိုင်ရုပ်သံကနေ အများပြည်သူဝန်ဆောင်မှု ရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်းကိုသွားနေတဲ့ ရည်ရွယ်ချက်အတွက်လည်း အထူးအကျိုးဖြစ်စေပါတယ်။ ယခုဆိုရင် MRTV ရဲ့ ပရိသတ်မိဘပြည်သူတွေဟာ ရုပ်သံလိုင်းများစွာကို တစ်ပြိုင်နက်တည်းမှာ အားရပါးရ အခမဲ့ ကြည့်ရှုနိုင်ကြမှာပါ။

ဟုတ်ကဲ့၊ အခုလိုရှင်းပြပေးတဲ့အတွက် ကျွန်တော်တို့ သတင်းအဖွဲ့က ကျေးဇူးတင်ပါတယ်။ ။

မြန်မာမြားပစ်အဖွဲ့၏ စက်တင်ဘာလအတွက် လက်ရည်စစ်ပြိုင်ပွဲကျင်းပ

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် ဆုချီးမြှင့်စဉ်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၏ စက်တင်ဘာလအတွက် လက်ရည်စစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်က နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲအပြီးတွင် Recurve အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၌ ပထမ-ဇာခြည်ဝင်း၊ ဒုတိယ-သင်းသင်းခိုင်၊ တတိယ-စန်းယုထွေး၊ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ-ဇော်ဝင်းထိုက်၊ ဒုတိယ-အောင်မျိုးသူ၊ တတိယ-နေမျိုးအောင်၊ Compound အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ-အောင်ငိုမ်း၊ ဒုတိယ-ယောစိမ်းယ၊ တတိယ-လှလှစံ၊ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ-ရှိန်းထက်ကျော်၊ ဒုတိယ-လင်းနိုင်၊ တတိယ-အောင်ခြိမ့်ဘော်၊ Recurve အသင်းလိုက် ရှုံး/ထွက်ပြိုင်ပွဲတွင် ပထမ-အမျိုးသား(က) အသင်း၊ ဒုတိယ-အမျိုးသမီး(က) အသင်း၊ တတိယ-အမျိုးသား(ခ) အသင်း၊ Compound အသင်းလိုက် ရှုံး/ထွက်ပြိုင်ပွဲတွင် ပထမ-အမျိုးသမီး (က)အသင်း၊ ဒုတိယ-အမျိုးသား(က) အသင်းနှင့် တတိယ-အမျိုးသား(ခ) အသင်းတို့က ရရှိကြသည်။ Recurve Mix-Team ပြိုင်ပွဲတွင် ပထမ ဇော်ဝင်းထိုက်နှင့် သင်းသင်းခိုင်၊ ဒုတိယ-အောင်မျိုးသူနှင့် ဇာခြည်ဝင်း၊ တတိယ-နေမျိုးအောင်နှင့် သဇင်အောင်၊ Compound Mix-Team ပြိုင်ပွဲတွင် ပထမ-လင်းနိုင်နှင့် အောင်ငိုမ်း၊ ဒုတိယ-ရှိန်းထက်ကျော်နှင့် ယောစိမ်းယ၊ တတိယ-အောင်ခြိမ့်ဘော်နှင့် အေးအေးသင်းအတွဲတို့က ရရှိကြသည်။ ယခုပြိုင်ပွဲတွင် ဆီးဂိမ်းစံချိန်သစ်များတင်နိုင်ခဲ့ပြီး Recurve Mix-Team ပြိုင်ပွဲတို့တွင် ဆီးဂိမ်းစံချိန်(၁၃၇)မှတ်ကို ပထမဆုရ-ဇော်ဝင်းထိုက်နှင့် သင်းသင်းခိုင်အတွဲက (၁၄၆)မှတ်၊ ဒုတိယဆုရ-အောင်မျိုးသူနှင့် ဇာခြည်ဝင်းအတွဲက(၁၃၉)မှတ်တို့ဖြင့် လည်းကောင်း၊ အမျိုးသမီး Compound တစ်ဦးချင်းပြိုင်ပွဲတွင် ဆီးဂိမ်းစံချိန်(၁၃၉)မှတ်ကို အောင်ငိုမ်းက(၁၄၅)မှတ်ဖြင့် လည်းကောင်း စံချိန်သစ်တင်နိုင်ခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၃/၂၀၁၃)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) ကုန်ကြမ်းနှင့် ဓာတုဗေဒပစ္စည်းများ- Low Density Polyethylene (LDPE) 150 MT, Woven Polypropylene Bag (WPP-Bag) 300000 Bags, PP Yan Grade Plastic Resin 300 MT

(ခ) စက်နှင့် စက်အရန်ပစ္စည်းများ- VFD Motor Speed Control, UV Spectrophotometer, Air Conditioner များ၊ ရေယာဉ်များအတွက် SART EPIRB တို့၏ Battery နှင့် HRU များ၊ နံုးစုပ်ပန့်၊ Flexible Hose

(ဂ) ပြုပြင်ခြင်းလုပ်ငန်းများ OB-91 ဆီးတွဲအား လွှန်းတင်ပြင်ဆင်ခြင်း၊ ကျော်စွာဓာတ်မြေသြဇာစက်ရုံရှိ ရေတင်ဘော (Pontoon) ဆယ်ယူခြင်းလုပ်ငန်း

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ-Water Treatment Chemicals, Argon & Helium Cylinder

(ခ) စက်နှင့် စက်အရန်ပစ္စည်းများ- Portable Calibrator, Digital Indicator, Tube Expender, Electrical & Instrument Spares for Salay Factory, Spare Parts for (Molten Urea Pump, Urea Solution Pump, MP Absorbent Return Pump, River Water Pump, Demineralized Water Pump, Screw Refrigerating Compressor), Starting Air Compressor With Motor, Electrical Spares for Nyaung Done Factory, Spare For Feed Gas Compressor

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက်

(က) ၂၃-၉-၂၀၁၃(ရေတင်ဘောဆယ်ယူခြင်း)

(ခ) ၂၅-၉-၂၀၁၃(ကျန်တင်ဒါများအတွက်ဖြစ်သည်။)

တင်ဒါပိတ်မည့်ရက်/အချိန်

(က) ၂၇-၉-၂၀၁၃/၁၂း၃၀(ရေတင်ဘောဆယ်ယူခြင်း)

(ခ) ၂၄-၁၀-၂၀၁၃/၁၂း၃၀(ကျန်တင်ဒါများအတွက်ဖြစ်သည်။)

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်
Ph,067-411107, 067-411123, 067-411193

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Dusit Thani ဟိုတယ်ရှိ Napalai Ballroom ၌ စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Tanasak Patimapragorn က ဂုဏ်ပြုညစာ ဖြင့် တည်ခင်းဧည့်ခံသည်။**(အပေါ်ပုံ)**

ညစာစားပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှ‌ဌေးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ထိုင်း နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး တို့ တက်ရောက်ကြပြီး ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အတူ ထိုင်းဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ်များ နှင့် ထိုင်းဘုရင့်တပ်မတော်မှ အရာ ရှိကြီးများ တက်ရောက်ကြသည်။

ညစာ သုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ် ရေးဦးစီးချုပ်တို့သည် အထိမ်း အမှတ်လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် အဖွဲ့သည် ထိုင်းနိုင်ငံတွင် ကျင်းပသော 1st Thailand-Myanmar High Level Committee Meeting သို့ တက်ရောက် ပြီးစီး၍ ယနေ့ နံနက်ပိုင်းတွင် ထိုင်းဘုရင့်လေတပ်စခန်း Wing-6 မှ မြန်မာ့တပ်မတော်အထူးလေယာဉ် ဖြင့် ထွက်ခွာကြရာ ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့် အရာရှိကြီးများ၊ ထိုင်း နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ် ကြီး ဦးတင်ဝင်းနှင့် စစ်သံမှူးတို့က ပို့ဆောင်နှုတ်ဆက်ကြပြီး မွန်းလွဲပိုင်း တွင် နေပြည်တော်သို့ ပြန်လည် ရောက်ရှိကြကြောင်း သတင်းရရှိ သည်။**(အောက်ပုံ) (သတင်းစဉ်)**

ထိုင်းနိုင်ငံရှိ ငါးဖမ်းလှေများတွင် မြန်မာနိုင်ငံသားများအလုပ်လုပ်ရန် မသင့်ကြောင်း MAT မှ ထုတ်ပြန်

ဗန်ကောက် စက်တင်ဘာ ၁၉

ထိုင်းနိုင်ငံရှိ ငါးဖမ်းလှေများတွင် မြန်မာနိုင်ငံသားများ အလုပ်လုပ်ရန် မသင့်ဟု ထိုင်းနိုင်ငံရောက် မြန်မာ နိုင်ငံသားများအဖွဲ့ MAT မှ ထုတ် ပြန်ထားကြောင်း ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား များ၏ ဆက်သွယ်ပြောဆိုချက်အရ သိရသည်။

ပြီးခဲ့သောရက်များအတွင်း ထိုင်းနိုင်ငံတောင်ပိုင်း ဗန်ကောက်မြို့ တောင်ဘက် ကီလိုမီတာရှစ်ရာ ကျော် အကွာတွင်ရှိသော ကတန်မြို့ ရှိ ဖယ်ကိုကာ ငါးဖမ်းလှေဆိပ်တွင် မြန်မာအလုပ်သမားတစ်ဦးအား မူးယစ်ဆေးဝါးရောင်းချသူနှစ်ဦးက ဝိုင်းရိုက်ပြီး တစ်ဦးကို စိတ်ကြွ ဆေးပြားထည့်၍ အမှုဆင်ဖမ်းဆီး ခဲ့ကြောင်း၊ ကဲ့လှေအမှတ်(၁)အနီ ရောင် ငါးဖမ်းလှေပေါ်တွင် အသက် (၂၃)နှစ်အရွယ် ကရင်ဆိုသည့် မြန်မာနိုင်ငံသား အလုပ်သမားငယ် တစ်ဦးအား စိတ်ကြွဆေးပြားရောင်းချ သည့် မြန်မာနှစ်ဦးက ပုလင်းဖြင့် ဦးခေါင်းကို ရိုက်ခွဲလိုက်သဖြင့် သွေးအိုင်ထဲတွင် မေ့မြောနေကြောင်း၊ မကြာမီအသက်အန္တရာယ်ပါ ဖြစ်နိုင် ကြောင်းဖြင့် လူကုန်ကူးမှုနှင့် အလုပ် သမားအရေးဆောင်ရွက်သည့် ထိုင်း နိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား များအဖွဲ့ MAT သို့ အဆိုပါ ငါးဖမ်း လှေဆိပ်အနီးတွင် နေထိုင်သည့် မြန်မာနိုင်ငံအလုပ်သမ(အမျိုးသမီး) တစ်ဦးက သတင်းပေးပို့ခဲ့သည်။

MAT အဖွဲ့ကလည်း ဒေသခံ ရဲအရာရှိကြီးကို အကူအညီတောင်းခံ လိုက်သဖြင့် အသက်ဘေးမှ လွတ် မြောက်သွားခဲ့ရသော်လည်း စိတ်ကြွ ဆေးရောင်းချသူနှစ်ဦးမှာ ထွက်ပြေး လွတ်မြောက်သွားခဲ့ကြကြောင်း သိရ ပြီး မရွေးမနှောင်းအချိန်အနည်း ငယ်အတွင်း MAT အဖွဲ့၏ အမာခံ သတင်းပေးတစ်ဦးဖြစ်သူ ကိုမင်းဇော် ၏ မော်တော်ဆိုင်ကယ်ခြင်းထဲသို့ စိတ်ကြွဆေးပြားထည့်၍ အဖမ်းခံခဲ့ရ ကြောင်း သိရှိခဲ့ရပြန်သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ကိုမင်းဇော်က "ကျွန်တော် နာရေး တစ်ခုမှ ပြန်လာတာ၊ အိမ်မှာ ထိုင် ရုံပဲရှိသေးတယ်။ ရဲတွေ ကျွန်တော့်ကို လာခေါ်တယ်။ စိတ်ကြွဆေးပြား ငါးပြားဆိုင်ကယ်ခြင်းထဲမှာ တွေ့လို့ တဲ့။ တစ်လုံးကအစစ်။ လေးလုံးက အတုတဲ့၊ ကျွန်တော့်ကို ဆီးလည်း စစ်တယ်။ ကျွန်တော်က မူးယစ်ဆေးဝါးမသုံးစွဲဘူး။ ဒီကိစ္စက ယခင်အပတ်က ကျွန်တော့်ကို ပစ်သတ်မယ်လို့ ခြိမ်းခြောက်တဲ့ ထိုင်းနိုင်ငံသားလည်း ပါလာတယ်။ ဒီထိုင်းနိုင်ငံသားနဲ့ ဆံရှည်ဆိုတဲ့ မြန်မာက အရင်လတုန်းက MAT အဖွဲ့ဆင်းလာပြီး သူတို့အခန်းမှာ ရှိတဲ့ မြန်မာအလုပ်သမားငါးယောက် ကို ဖမ်းကတည်းက ကျွန်တော့်ကို မကျေနပ်ဘူးလေ။ ဒါကြောင့် အကွက်ဆင်ဖမ်းတာပဲ"ဟု ပြော သည်။

MAT အဖွဲ့၏ နိုင်ငံခြား ဆက်ဆံရေးနှင့် ရုံးတာဝန်ခံ ကိုစိုင်း အေးက "အမှန်အတိုင်းဖြစ်အောင် တော့ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကူညီသွားမှာပါ။ ဒီငါးဖမ်းလှေဆိပ်က မြန်မာတွေ လုံးဝအလုပ်မလုပ်သင့် တဲ့အရပ်ဒေသ ဖြစ်တယ်။ အလွန် ဝေးလံပြီးတော့ တရားဥပဒေစိုးမိုးမှု အရမ်းအားနည်းတယ်။ ကျွန်တော်တို့ အကြိမ်ပေါင်းများစွာ သွားပြီး နှိမ်နင်းထားတဲ့ နေရာဖြစ်တယ်။ ကျွန်တော်တို့ ဒီထိုင်းနိုင်ငံမှာရှိနေကြ တဲ့ မြန်မာနိုင်ငံသားအချင်းချင်းလည်း ကတန်ဘက်က ငါးဖမ်းလှေဆိပ်တွေ ကို မပို့ကြဖို့ အချင်းချင်းအသိပေး ကြစေချင်ပါတယ်။ ကျွန်တော်တို့ MAT အဖွဲ့၊ DSI နဲ့ မြန်မာနိုင်ငံ အစိုးရတို့က ပူးပေါင်းနှိမ်နင်းထားတဲ့ ကမ္ဘာကျော် လူသတ်ဂိုဏ်းကြီးကို ဖမ်းဆီးထားတဲ့ကိစ္စမှာ လူကုန်ကူး ခံခဲ့ရတဲ့ အလုပ်သမားတွေ ခုနစ်ကြိမ် တိုင်တိုင် တရားရုံးကို တက်ခဲ့ပြီး ပေမယ့် ငါးဖမ်းလှေပိုင်ရှင်တွေက တော့ တစ်ကြိမ်မှ တရားရုံးကို မလာသေးဘူး။ ကယ်ဆယ်ရေး စခန်းထဲမှာ အမှုရင်ဆိုင်နေရတဲ့ အလုပ်သမားတွေဆိုလည်း ခြောက် လကြာပြီ၊ သူတို့တွေ အဓမ္မ ခိုင်းစေ ခံခဲ့ရတဲ့ လုပ်အားခတွေ ရ၊ မရ သေချာမပြောနိုင်သေးဘူး"ဟု ပြော ကြားခဲ့သည်။

ထိုင်းနိုင်ငံသို့ သွားရောက်အလုပ် လုပ်ကိုင်နေကြသော မြန်မာ နိုင်ငံသားများမှာ အချို့ဝလက်လှေ ပိုင်ရှင် သူဌေးများက လစာလိမ်လည် ခံကြရခြင်း၊ နေ့မအိပ်၊ ညမအိပ်ဖြင့် မညှာမတာခိုင်းစေခြင်းများ ရှိနေ သော်လည်း ဝလက်လှေပိုင်ရှင် သူဌေးများကောင်းလျှင် လစာအလွန် ကောင်းမွန်ပြီး တစ်လလျှင် ဘတ်နှစ်သောင်း (မြန်မာကျပ်ငွေ ငါးသိန်း)နီးပါးခန့် ရရှိနေကြသဖြင့် ယင်းကဲ့သို့သော ဝလက်လှေများအား ရှာဖွေလုပ်ကိုင်နေကြခြင်း ဖြစ် ကြောင်း သိရသည်။ **စိုးဝင်း-MLA**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအားအစမ်းခန့် ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(၁) ဦးလှထွန်း	ညွှန်ကြားရေးမှူးချုပ် နိုင်ငံတော်သမ္မတရုံး
(၂) ဦးဇော်သန်းသင်း	ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
(၃) ဦးစံရွှေအောင်	ညွှန်ကြားရေးမှူးချုပ် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ရေးရာဝန်ကြီးဌာန
(၄) ဦးဝင်းလှိုင်	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(၅) ဦးသာအောင်ညွှန့်	ညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(၆) ဦးသူရိန်သန့်ဇင်	ညွှန်ကြားရေးမှူးချုပ် သံတမန်ရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(၇) ဦးတင့်ဆွေ	ညွှန်ကြားရေးမှူးချုပ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြန်ကြားရေးဝန်ကြီးဌာန
(၈) ဦးကျော်စိုး	ဦးဆောင်ညွှန်ကြားရေးမှူး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန
(၉) ဦးအောင်မော်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar မှ ကြီးမှူးကျင်းပသော 4th Junior Golf Myanmar Tournament 2013 လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင် ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပ ရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ အမှုဆောင် ဦးချမ်းဟန်က အသက် (၁၄)နှစ်အောက် သက်တန်းမှ အသက် အငယ်ဆုံးယှဉ်ပြိုင်သူများ ဖြစ်သည့် ဇွဲထက်အောင်၊ သင်းဝေ ခိုင်၊ အောင်ဆိုင်ဖတို့အား ဂုဏ်ပြု အထူးဆုများ ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၏ ဂုဏ်ပြုဆုအဖြစ် R&A မှ ကူညီ ပံ့ပိုးသည့် Golf Set အား အသက် အငယ်ဆုံးများမှ ကြိုးစားယှဉ်ပြိုင်သူ မင်းသံလွင်အောင်အား ပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ပန်းလှိုင်ဂေါက်ကွင်း မှ အထွေထွေမန်နေဂျာ မရင်ရင် အေးက အသက်(၁၀)နှစ်အောက် ပြိုင်ပွဲတွင်ဆုရရှိကြသူများအားလည်း ကောင်း၊ Junior Golf Myanmar မှ အတွင်းရေးမှူး ဦးမြင့်အောင်က အသက်(၁၄)နှစ်အောက် ပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ အမှုဆောင် ဒေါက်တာမြင့်ဦးက အသက် (၂၄)နှစ်အောက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါ ပြိုင်ပွဲအတွက် Elite Tech Group of Companies, Kandawgyi Palace Hotel, Aureum Palace Hotel, Air Bagan Ltd, Asian Wings Airways, Myanmar Solar Power (MSP), Double Eagle Golf Co.,Ltd.,Han Golf Masters Pte.,Ltd., KM Golf Center, Sam Par Oo Purified Drinking Water, Premier Coffee, Kyone Sein Co.,Ltd., 100 Plus, ရင်လုံဂေါက်သီးရိုက် အသင်း၊ Pun Hlaing Golf Club တို့ကလည်း ထပ်မံ၍ပံ့ပိုးကူညီကြ ကြောင်း သိရသည်။ **(ကြေးမုံ)**

❑ ကျေးလက်လူမှုစီးပွားဘဝမှ

ဇီဝလောင်စာသုံးမီးစက်များ တည်ထောင်ခြင်း၊ ဆိုလာ စနစ်များ အသုံးပြုခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ရာတွင် ကျေးရွာပေါင်း ၆၄၀၀၀ ကျော်အနက် ကျေးရွာပေါင်း ၁၇၀၀၀ ခန့် မီးလင်းခဲ့ပြီဟု သိရှိရပါကြောင်း၊ ကျေးရွာ ပေါင်း ၄၇၀၀၀ ခန့်မှာ မီးလင်းရေးဆောင်ရွက်ပေးရန် ကျန်ရှိနေဆဲဖြစ်ကြောင်း၊ နိုင်ငံတော် မဟာဓာတ်အား စနစ်မှ လျှပ်စစ်ထောက်ပံ့ပေးခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်သည့်အတွက် နိုင်ငံတော်အနေနှင့် မဟာ ဓာတ်အားလိုင်းကွန်ရက် တိုးချဲ့တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ဖြန့်ဖြူးနိုင်ရန် ဆောင် ရွက်လျက်ရှိသော်လည်း ပထဝီဝင်မြေပြင်အနေအထား အခွင့်မသာသောဒေသများတွင် ကုန်ကျစရိတ် များပြား လှပြီး တည်ဆောက်ချိန်ကာလလည်း ကြာမြင့်လှပါ ကြောင်း၊ မဟာဓာတ်အားလိုင်း လက်လှမ်းမမီသေးသည့် ကျေးလက်ဒေသများတွင် မီးထွန်းခြင်း၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ လက်ကိုင်တယ်လီဖုန်းစသော ဆက်သွယ်ရေး ပစ္စည်းများသုံးခြင်း၊ အသေးစားအလတ်စား စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေ တွန်းတင်ခြင်းလုပ်ငန်းများအတွက် လျှပ်စစ်စွမ်းအင်ဝန်ဆောင်မှုပေးရန် အသုံးပြုနေသည့် လက်ရှိစွမ်းအင်အရင်းအမြစ်များသည် ဖယောင်းတိုင်၊ ရေနံဆီ၊ ဘက်ထရီ၊ ဒီဇယ်အင်ဂျင်များဖြစ်ပြီး ကုန်ကျ စရိတ်ကြီးမားသည့်အပြင် သုံးစွဲရာတွင်လည်း ကရိကထ များလှပါကြောင်း၊ ကုန်ကျစရိတ်သက်သာပြီး သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုလည်းမရှိသော နည်းလမ်းမှာ ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များဖြစ်သည့် အငယ်စား နှင့်အသေးစား ရေအား၊ လေစွမ်းအင်၊ နေစွမ်းအင်၊ ဇီဝ ဓာတ်ငွေ့များကို ပြောင်းလဲသုံးစွဲပြီး လျှပ်စစ်စွမ်းအင် ထုတ်ယူရေးပင်ဖြစ်ပါကြောင်း။

နေအိမ်တစ်လုံးချင်း အိမ်သုံးဆိုလာစနစ်၊ ဆိုလာ ဗဟိုမှဖြန့်ဝေပေးသည့်စနစ်၊ ဆိုလာမီးအိမ် အားသွင်း ငှားရမ်းမှုစနစ်၊ အသေးစားရေအားလျှပ်စစ် ထုတ်လုပ် ဖြန့်ချိသည့် အသေးစားကျေးရွာကွန်ရက်စနစ်၊ ဇီဝ ဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးအသုံးပြုသည့်စနစ် စသည့် နည်းစနစ်များကိုသုံးပြီး ဆောင်ရွက်သွားနိုင်သည်ကို တွေ့ရမှာဖြစ်ကြောင်း။

ယခုလို ဆောင်ရွက်ရာတွင် အစီအစဉ်အောင်မြင် ရေးနှင့်ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အဓိက အားဖြင့် အုပ်စုသုံးစု၏ တတ်နိုင်မှုအပေါ်တွင် မူတည်နေ သည်ကိုတွေ့ရမှာဖြစ်ကြောင်း၊ ၎င်းတို့မှာ (၁) သုံးစွဲသူ ကျေးရွာလူထု၏ တပ်ဆင်သုံးစွဲမှုအတွက် စရိတ်စက တတ်နိုင်မှု၊ (၂) လျှပ်စစ်ထုတ်လုပ်သူ၏ လုပ်ငန်းနှင့် ငွေကြေးအတွက်တတ်နိုင်မှု၊ (၃) ပြည်ထောင်စု(သို့) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာငွေ တတ်နိုင်မှုတို့ဖြစ်ပါကြောင်း၊ ပြန်ပြည့်မြဲ စွမ်းအင်များ သည် လုပ်ငန်းလည်ပတ်မှုအတွက် ကုန်ကျစရိတ် နည်းပါးသော်လည်း ရင်းနှီးမြှုပ်နှံမှုများအတွက် ကုန်ကျ စရိတ်ကြီးမားလှသောကြောင့် လုပ်ငန်းစတင်နိုင်ရန်နှင့် ရေရှည်တည်တံ့နိုင်ရန် ပြည်တွင်းပြည်ပဘဏ္ဍာရေး အကူအညီများရယူ၍လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီး မြှုပ်နှံမည့်သူများကို ဖိတ်ခေါ်၍ Public Private Partnership (PPP) စနစ်ဖြင့်လည်းကောင်း ဆောင်ရွက် သွားရမှာ ဖြစ်ပါကြောင်း။

ယခုလို နည်းလမ်းများနှင့် ဆောင်ရွက်ရာတွင် အသေးစားရေအားလျှပ်စစ်၊ ဆိုလာစနစ်နှင့် ဇီဝ လောင်စာသုံး မီးစက်စနစ်များပေါင်းစပ်ထားသည့် ကျေးရွာသုံး အသေးစားဓာတ်အားလိုင်းစနစ် ထူထောင် နိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်ကြောင်း၊ ရပ်ရွာ ဒေသ၏အခြေအနေပေးမှုအပေါ် မူတည်ပြီး လက်တွေ့ အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းပုံစံရွေးချယ်သွား ရန်ဖြစ်ကြောင်း၊ ကျေးလက်စွမ်းအင်ကော်မတီကို စနစ် တကျဖွဲ့စည်းပြီး လက်တွေ့လုပ်ဆောင်နိုင်မည့် လုပ်ငန်း စဉ်များချမှတ်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ရွာခံလျှပ်စစ် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ခြင်း၊ လုပ်ငန်း လည်ပတ်မှု၊ ကြံ့ခိုင်ထိန်းသိမ်းမှုအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားခငွေများကောက်ခံမှုကို စီမံခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး LED 5W မီး နှစ်လုံးထွန်းနိုင်ရန်၊ လက်ကိုင်ဖုန်း အားသွင်းနိုင်ရန်၊ ရုပ်မြင် သံကြားတစ်လုံးဖွင့်နိုင်ရန်နှင့် ကျေးရွာလမ်းမီးပေးရန်တို့ အတွက် လိုအပ်မည့်လျှပ်စစ်ဓာတ်အားများကို ထုတ်ပေး နိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ လိုအပ်သော စွမ်းအင်မူဝါဒများ၊ ရန်ပုံငွေနှင့် နည်းစနစ်ထောက်ပံ့မှုတို့ကို အကူအညီ ပေးသွားမှာဖြစ်ကြောင်း။

ပြန်ပြည့်မြဲစွမ်းအင်သုံး ကျေးလက်ဒေသ လျှပ်စစ် မီးရရှိရေး ဆောင်ရွက်ရာမှာ ပထမအဆင့်အဖြစ် စံပြ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တိုင်းဒေသ ကြီး/ပြည်နယ်တစ်ခုလျှင် ကျေးရွာ ၁၀၀ စီ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တစ်ခုလျှင် ကျေးရွာ ၅၀ စီ ရွေးချယ် သတ်မှတ်သွားကြရန်ဖြစ်ပါကြောင်း၊ ရွေးချယ်သည့် အခါတွင်လည်း ဝေးလံသီခေါင်၍ လမ်းပန်းဆက်သွယ် ရေးခက်ခဲမှု၊ ကျောင်းနေအရွယ် ကျောင်းသားအရေ အတွက်၊ ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်သည့် အထောက်အပံ့များ၊ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေးကို ရပ်ရွာလူထုက ကိုယ်ပိုင်အသိစိတ် ဓာတ်ဖြင့် ကိုယ်တိုင်ကိုယ်ကျပူးပေါင်းပါဝင်ဆောင်ရွက် မှုစသည့်အချက်များအပေါ် မူတည်ပြီး ရွေးချယ်သွားစေ လိုပါကြောင်း၊ မိမိကျေးရွာကို ကောင်းအောင် မိမိတို့ ကိုယ်တိုင်ပါဝင်ကြိုးစားလိုစိတ်ကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရင်းဖြစ်ပါကြောင်း။

လျှပ်စစ်မီးရရှိရေးအပြင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မိုးနည်း ရေရှားဒေသများ ရေတွင်းရေကန်တူးဖော်ခြင်း၊ ဆယ်တင်ခြင်း၊ တစ်ဖက်ရပ်လျှိုပိတ်မြောင်းပိတ်များ တည်ဆောက်ပေးခြင်း၊ မိုးများသည့် ဒေသများတွင် ရေကြီးမှုကာကွယ်ရေးအတွက် ရေတားတမံဆောက်လုပ် ခြင်း၊ ရေနုတ်မြောင်းစနစ်များဆောင်ရွက်ခြင်း၊ ချောင်းကော မြောင်းကောများ ရေစီးရေလာကောင်းမွန် အောင် ဆောင်ရွက်ခြင်းများ လုပ်ဆောင်သွားရမှာဖြစ် ကြောင်း၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေတွန်းတင်သည့် လုပ်ငန်းများတွင် ဒီဇယ်ရေစုပ်စက်နှင့် မီးစက်များအစား လေရဟတ်သုံးရေစုပ်စနစ်နှင့် ဆိုလာစွမ်းအင်သုံး ရေစုပ် စက်စနစ်များကို အသုံးပြုနိုင်ရေးနှင့် ဆိုလာစွမ်းအင်သုံး သောက်ရေသန့်ထုတ်လုပ်သည့်စနစ် အသုံးပြုနိုင်ရေးကို လည်း လေ့လာအကောင်အထည်ဖော်ဆောင်ရွက်သွား ရန် ဖြစ်ပါကြောင်း။

ကျေးရွာလျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး လုပ်ငန်းများတွင် စီးပွားရေးလုပ်ငန်းကုမ္ပဏီများ၊ စေတနာ့ဝန်ထမ်းများ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ ကမ္ဘာ့ကုလသမဂ္ဂဌာနေအဖွဲ့အစည်းများ၊ နိုင်ငံတကာ NGO အဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ ပညာ ရှင်များ၊ လူမှုအဖွဲ့အစည်းများပါဝင်သည့် အလုပ်ရုံ ဆွေးနွေးပွဲ (Stakeholder Workshops) များကို အခါ အားလျော်စွာ ဝန်ကြီးဌာနက ကျင်းပသွားရမှာဖြစ် ကြောင်း။

ကျေးလက်စွမ်းအင်ထောက်ပံ့ခြင်း လုပ်ငန်းမှာ နည်းပညာပေးဝေခြင်းထက် ဝန်ဆောင်မှုအပေါ် ပိုမို အလေးထားခြင်းက စဉ်ဆက်မပြတ်သော သေချာသည့် အောင်မြင်မှုများကို ရနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသများတွင်ပြန်ပြည့်မြဲစွမ်းအင်ကိုကူးပြောင်း အကောင်အထည်ဖော်သည့်နေရာမှာ နည်းပညာတစ်ခု ကို ပေးဝေသည့် အစီအစဉ်တစ်ခုအနေမျိုးမဟုတ်ဘဲ ကျေးလက်ဒေသခံပြည်သူများအတွက် မရှိမဖြစ်လိုအပ် သော ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးနှင့် အုပ်ချုပ်ရေးဝန်ဆောင်မှုများ အရည်အသွေးရှိရှိပေးနိုင် သည့် ဝန်ဆောင်မှုပုံစံမျိုး ရည်မှန်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

အချုပ်အားဖြင့် ကျေးလက်ဒေသနေပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချ ရေးနှင့် ပညာရေးမြင့်မားရေးတို့အတွက် အခြေခံလိုအပ် ချက်များကို ဖြည့်ဆည်းပေးသည့်နေရာမှာ လျှပ်စစ်မီး ရရှိရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးတို့သည် အဓိကကျသော ဝန်ဆောင်မှုများဖြစ်သဖြင့် အရှိန်အဟုန် ဖြင့် စေတနာထားဆောင်ရွက်သွားရန် တိုက်တွန်းလိုပါ ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်နှင့် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်တို့က လုပ်ငန်းပိုင်းဆိုင်ရာများကိုလည်းကောင်း၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာဒေသ အလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကော်မတီဝင်များက ကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင် ရွက်ပေးသွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် ပေါင်းစပ်ညှိနှိုင်းပြီး ပူးပေါင်း ဆောင်ရွက်မှုသာ ယခုထက်ပိုမိုပြီး ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်းဖြင့် နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၃၄)ကြိမ်မြောက် အာဆီယံပါလီမန်များ ညီလာခံသို့ တက်ရောက်လာကြသော ခေါင်းဆောင်များတွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား အာဆီယံပါလီမန်များညီလာခံ ဥက္ကဋ္ဌ အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

***ပြည်သူ့လွှတ်တော်မှ**

တက်ကြွစွာ ပါဝင်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် အာဆီယံပါလီမန်များ ညီလာခံ၏ တင်းပြည့်အဖွဲ့ဝင်ဖြစ်လာချိန်မှစ၍ အာဆီယံပါလီမန်များ ညီလာခံ၏ လှုပ်ရှားမှုများနှင့် ပါလီမန်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တွင် တက်ကြွစွာ ပါဝင်လှုပ်ရှားလျက်ရှိကြောင်း၊ ရှေ့ဆက်ပြီး အာဆီယံ ပါလီမန်များ၏ ညီလာခံလုပ်ငန်းများကို ဆက်လက်ပံ့ပိုးသွားရန် အတတ်နိုင် ဆုံး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လူ့အခွင့်အရေးကောင်စီအစည်းအဝေး၌ မိန့်ခွန်းပြောကြား

နေပြည်တော် စက်တင်ဘာ ၁၉

(၂၄)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီအစည်းအဝေးသို့ တက်ရောက်ရန် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စက်တင်ဘာ ၁၃ ရက်တွင် အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာ နိုင်ငံအစိုးရနှင့် ပြည်သူတို့သည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍများ၌ ပြုပြင် ပြောင်းလဲမှုကိစ္စရပ်များကို ဆောင် ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်သူ အားလုံး ပါဝင်သည့် နိုင်ငံရေးလုပ်ငန်း စဉ်တစ်ရပ်အတွက် ခိုင်မာသည့် အုတ်မြစ်တစ်ရပ်ကို ချမှတ်ခဲ့ပြီး အပြန်အလှန်ဆွေးနွေးမှု အလေ့ အထ အသစ်တစ်ရပ်သည်လည်း အခိုင်အမာ ဖြစ်ပေါ်လာကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင် ပြည်နယ်နှင့် နိုင်ငံ၏ အခြားသော ဒေသများတွင် တရားဥပဒေစိုးမိုးရေး ကို အလေးပေးခဲ့ပြီး အခြေအနေ အရပ်ရပ်ကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ကြောင်း၊ အစိုးရအနေ ဖြင့် လူမျိုးရေး၊ ဘာသာရေးခွဲခြားမှု မပြုဘဲ အကြမ်းဖက်မှုကျူးလွန်သူ များအား လုံးဝသည်းခံခြင်းမရှိသည့် မူဝါဒကို ကျင့်သုံးခဲ့ကြောင်း၊ ရခိုင် ပြည်နယ်အတွင်း ရှိနေသူများ၏ တရားဝင် အဆင့်အတန်းနှင့် ပတ်သက်၍လည်း အလေးအနက် ထား၍ ဆောင်ရွက်လျက် ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း လူမှုအဖွဲ့ အစည်းနှစ်ရပ်လုံးသို့ ခွဲခြား ဆက်ဆံမှုမရှိဘဲ လူသားချင်းစာနာ ထောက်ထားသည့် အကူအညီ ပေးအပ်ရေးအတွက် ကုလသမဂ္ဂ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (အိုင်အန်ဂျီအို) နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ (အန်ဂျီအို)တို့ဖြင့် ပူးပေါင်းဆောင် ရွက်လျက်ရှိကြောင်းနှင့် အစိုးရ အနေဖြင့် လူမျိုးရေး၊ ဘာသာရေး ကွဲပြားသည့် လူမှုအဖွဲ့အစည်း အချင်းချင်း ငြိမ်းချမ်းပြီး သဟဇာတ ဖြစ်စွာ ပူးတွဲနေထိုင်မှုကို လက်ခံရေး၊ နားလည်မှုမြှင့်တင်ရေးတို့ကိုလည်း အထူးအလေးပေး ဆောင်ရွက်ခဲ့ ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက အစိုးရအနေဖြင့် မြန်မာနိုင်ငံသို့ ၁၀ ရက်ကြာ အလုပ် သဘော ခရီးလာရောက်ခဲ့သည့် အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ်စ် ကွင်တားနား၏ အဌမအကြိမ်မြောက် ခရီးစဉ်အား အဆင်ပြေမှုရှိစေရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ မြန်မာ နိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်မှ စတင် ၍ လူ့အခွင့်အရေးဆိုင်ရာ UPR လုပ်ငန်းစဉ်တွင် အပြုသဘော ဆောင်စွာ ပါဝင်ခဲ့ပြီး ယင်း၏ အစီရင်ခံစာကို တင်သွင်းခဲ့ကြောင်း၊ ယခုအခါ ဒုတိယအကြိမ် အစီရင် ခံစာအတွက် ပြင်ဆင်မှုများ ဆောင် ရွက်လျက်ရှိကြောင်းနှင့် မြန်မာ နိုင်ငံနှင့် ကုလသမဂ္ဂကိုယ်စားပြု လူ့အခွင့်အရေးဆိုင်ရာ မဟာ မင်းကြီးရုံး (OHCHR)၏ နိုင်ငံဆိုင် ရာ ရုံးခွဲတည်ထောင်ရေး သဘော တူညီချက်ကို လက်မှတ်ရေးထိုးရေး အတွက် ဆက်လက်ညှိနှိုင်းဆောင် ရွက်လျက် ရှိကြောင်း၊ မိမိတို့အစိုးရမှ ၂၀၁၁ ခုနှစ်တွင် စတင်တာဝန်ယူခဲ့ ပြီးနောက် များမကြာမီ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ၎င်း၏ ဖွဲ့စည်းမှု၊ လုပ်ပိုင်ခွင့်၊ တာဝန်ဝတ္တ ရားများနှင့်ပတ်သက်၍ ဥပဒေကြမ်း တစ်ရပ်ကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးခဲ့ကြောင်း ပြောကြား ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာ နိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများအား ဖယ်ရှားခြင်း (သို့မဟုတ်) ဖြေလျှော့ခြင်းများ ဆောင်ရွက်ပေးခြင်း များသည် မြန်မာနိုင်ငံ၏ သန်း ၆၀ သော ပြည်သူများ၏ အကျိုးအတွက် စီးပွားရေး အခွင့်အလမ်းများကို လမ်းခင်းပေးရာရောက်ကြောင်းဖြင့် လည်း ထည့်သွင်းပြောကြားခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းတွင်းမြစ်ရှိ ရှုပ်ပြေးရေယာဉ်ခရီးစဉ်များ ယာယီပိတ်

ကလေးဝ စက်တင်ဘာ ၁၉

ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်များ ထိ မြင့်တက်လာနိုင်ပြီး ရေကြောင်း သွားလာမှုတွင် ဘေးအန္တရာယ် ဖြစ်ပွားနိုင်သဖြင့် ချင်းတွင်းမြစ်တွင်း သွား ခေတ်မီရှုပ်ပြေးရေယာဉ်ခရီး စဉ်များအား စက်တင်ဘာ ၁၃ ရက်မှ စတင်၍ ခေတ္တပိတ်ထားကြောင်း သိရသည်။

ချင်းတွင်းမြစ်အတွင်းရှိ မုံရွာ၊ ကနီ၊ မင်းကင်း၊ ကလေးဝ၊ မော်လိုက်၊ ဟုမ္မလင်း၊ ခန္တီးစသည့် ဆိပ်ကမ်းမြို့ ကြီးများသည် မိုးဥတုတွင်ရေကြောင်း သွားလာခြင်းကို အဓိကအားထား နေကြရပြီး ယခုအခါ ချင်းတွင်းမြစ် ၏ စိုးရိမ်ရေမှတ်များသည် ယင်းမြို့ ကြီးများသို့ ရောက်ရှိလျက်ရှိသည်။

"မြစ်ရေက လေးရက်၊ ငါးရက် အတွင်း ကျဆင်းလာမယ်လို့ မျှော်လင့်ထားပါတယ်။ မြစ်ထဲမှာ စုန်ဆန်သွားလာနေတဲ့ ရှုပ်ပြေး အမြန်ရေယာဉ်တွေကြောင့် မြစ် ကမ်းဘေးနှစ်ဖက် ကျေးရွာတွေ မြို့တွေမှာ ဆိပ်ကမ်းပြိုတဲ့ အန္တရာယ် တွေဖြစ်ပေါ်လာနိုင်ပြီး ရေပွက်ကြီး တွေရဲ့ အန္တရာယ်ကြောင့် ရေယာဉ် တွေ အန္တရာယ်နဲ့ကြုံတွေ့နိုင်ပါ တယ်။ ဒါကြောင့် ခေတ္တယာယီပိတ် ထားတာလို့ မြင်ပါတယ်။ ရေကြီး ချိန်ပဲဖြစ်ဖြစ် ရေကျချိန်ပဲဖြစ်ဖြစ် သတ်မှတ်ပြဋ္ဌာန်းထုတ်ပြန်ထားတဲ့ ရေကြောင်း ဥပဒေတွေကို လိုက်နာဖို့ လိုအပ်ပါတယ်"ဟု ရှုပ်ပြေးအမြန် ရေယာဉ်ပိုင်ရှင်တစ်ဦးက ပြော သည်။

(မောင်ဖိုးဇော်)

❁ရေချိုငါးဈေးကွက်မှ

ငါးပိသာချိန် ၂၂၉၃၁၆ ကို ရန်ကုန်တိုင်းဒေသကြီး ၄၄ မြို့နယ်နှင့် ပဲခူးမြို့တို့ ကိုသာ ရောင်းချပေးရပြီး ငါးပိသာချိန် ၂၅၄၂၀ ကို ကချင်ပြည်နယ်၊ မန္တလေး တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပျဉ်းမနား၊ တောင်ငူ၊ မကွေး၊ ပြည်၊ ရွှေဘို စသည်တို့ကို နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရောင်းချပေးရာတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် အခြား တိုင်းဒေသကြီး/ ပြည်နယ်မြို့များတွင်နေထိုင်သော ပြည်သူများသည် ရေချိုငါးများကိုသာ အများအပြားစားသုံးမှုများ နေ့စဉ်တိုးပွားနေခြင်းကြောင့် သဘာဝရေချိုငါးဈေးကွက်သည် နိမ့်ကျခြင်းမရှိဘဲ နေ့စဉ်အနည်းငယ်မျှ မြင့်တက်လျက်ရှိကြောင်း သိရသည်။

သဘာဝရေချိုငါးများ ဈေးမြင့်တက်ခြင်းမှာ ရေခဲဈေးနှုန်း အနိမ့်အမြင့် ပေါ်မူတည်သလို သဘာဝ ရေချိုငါးဝင်ရောက်မှု နည်းသည့်အချိန်တွင်လည်း လက်ကားဈေး ငါးရံ့၊ ငါးခူ တစ်ပိသာလျှင် ၆၇၅၀ ကျပ်မှ ၆၈၀၀ ကျပ်အထိ လောက်သာ ဈေးမြင့်တက်ပြီး အခြားလက်လီရောင်းချသူများဈေးလို တအားဈေးတင် ရောင်းချခွင့်မရှိကြောင်း ဗဟိုစံပြငါးဈေးကြီး (က) ရုံမှ သဘာဝရေချိုငါးရောင်းချသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဤဈေးတွင် ပင်လယ်ရေငန်ငါးမျိုးစုံနှင့် မွေးမြူရေးငါး ဝင်ရောက် ရောင်းချမှုမှာ သဘာဝရေချို ငါး၊ ပုစွန်နှင့် နှိုင်းယှဉ်မည်ဆိုလျှင် အလွန်ပင် အဆပေါင်းများစွာကွာခြားမှုနည်းကြောင်း ရေချိုငါးရောင်းသော (က) ရုံမှ ထပ်လောင်းပြောဆိုမှုအရ သိရသည်။

ခါးပတ်နဲ့ငွေဒဏ်ကြိုက်ရာရွေးရန်

နွယ်နွယ်ခင်
(ကညန)

အမေရိကန်ပြည်ထောင်စုသည် ပြည်နယ်ပေါင်း ၅၀ နှင့် ပြည်ထောင်စုနယ်မြေ တစ်ခုဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ ၃၁၅ သန်းကျော်နေထိုင်သည့် ကမ္ဘာ့တတိယမြောက်လူဦးရေအများဆုံးနိုင်ငံ ဖြစ်ပါသည်။ အကျယ်အဝန်း စတုရန်းကီလိုမီတာ ၉ ဒသမ ၈၃ သန်း ကျော်သော အမေရိကန်နိုင်ငံ၏ လမ်းအရှည်မှာ ကီလိုမီတာ ၆ ဒသမ ၅ သန်းကျော် (၆၅၀၆၂၀၄ Km)ဖြစ်ပြီး ယင်းတို့အနက် ကီလိုမီတာ ၇ ဒသမ ၅ သောင်းကျော် (၇၅၂၃၈ Km) သည် အမြန်လမ်း အရှည်ဖြစ်ပါသည်။ အဆိုပါလမ်းများပေါ်တွင် ကားစီးရေ သန်း ၃၀၀ ကျော် မောင်းနှင်သွားလာလျက်ရှိနေပါသည်။ ထို့ကြောင့် အမေရိကန်အစိုးရသည် ယာဉ်မတော်တဆမှုကြောင့် ဖြစ်ရသော သေဆုံးမှုနှင့် ဒဏ်ရာရမှုကို လျှော့ချနိုင်ရန်အတွက် “ခါးပတ်နှင့် ငွေဒဏ်ကြိုက်ရာရွေးရန်” (Click it or Ticket) စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ယင်းစီမံချက်သည် သက်တမ်း ၁၆ နှစ်ရှိပြီဖြစ်ပြီး အကျိုးသက်ရောက်မှုမှာ ထိရောက်မှုရှိဆဲပင်ဖြစ်သည်။ စစ်တမ်းကောက်ယူချက်များအရ ၂၀၀၈ ခုနှစ်တွင် ကားရှေ့ခန်းမှစီးနင်းသူများ၏ ၈၃ ရာခိုင်နှုန်းသည် ထိုင်ခုံခါးပတ်ဝတ်၍ စီးနင်းခဲ့ကြကြောင်း လေ့လာတွေ့ရှိရသည်။ အဆိုပါစီမံချက်မစတင်မီ လွန်ခဲ့သော ခုနစ်နှစ်အတွင်းက ထိုင်ခုံခါးပတ်ဝတ်သူရာခိုင်နှုန်း ၇၃ ရာခိုင်နှုန်းသာရှိသဖြင့် သိသာထင်ရှားသော တိုးတက်မှုဟုဆိုနိုင်ပါသည်။ စာရင်းဇယားများအရ ၂၀၀၂ ခုနှစ်မှစ၍ ထိုင်ခုံခါးပတ်ကြောင့် အမေရိကန်နိုင်ငံ၏လူပေါင်း ၉၁၀၀၀ ကျော် ယာဉ်မတော်တဆမှုတွင် အသက်ဘေးမှလွတ်ကင်းခဲ့ကြကြောင်းသိရှိရသည်။ ထိုင်ခုံခါးပတ်ဝတ်ရေးကို ဦးစားပေးအဆင့်သတ်မှတ်၍ ဥပဒေပြဋ္ဌာန်းခဲ့ခြင်းကလည်း ထိရောက်မှုရှိခဲ့သည်။ အာကင်စော၊ ဖလော်ရီဒါ၊ မင်နီဆိုးတားနှင့် ဝစ်ကွန်စင်ပြည်နယ်များသည် ယာဉ်ထိန်းရဲများအား ခါးပတ်မဝတ်ဘဲမောင်းနှင်သောယာဉ်မောင်းများကို ချက်ချင်းဒဏ်တပ်ခွင့်အာဏာပေးအပ်ထားသည့် နောက်ဆုံးပြည်နယ်များ ဖြစ်ကြပါသည်။ အမေရိကန်နိုင်ငံတွင် ပြည်နယ်အလိုက် ထိုင်ခုံခါးပတ်ဥပဒေပြဋ္ဌာန်းမှု ကွဲပြားသော်လည်း ပြည်နယ်တိုင်းတွင် ဥပဒေဖြင့် ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ သို့သော် New Hampshire တွင်မူ အသက် (၁၈)နှစ်အထက်ဆိုပါက ထိုင်ခုံခါးပတ် ဝတ်ဆင်ရန်မလိုအပ်ပါ။

‘ခါးပတ်နဲ့ငွေဒဏ်ကြိုက်ရာရွေးရန်’ စီမံချက်သည် ထိရောက်သော စီမံချက်ဖြစ်ပြီး ယင်းကြောင့် ထိုင်ခုံခါးပတ် အသုံးပြုသူဦးရေ သိသိသာသာလျင်မြန်စွာ တိုးတက်လာကြောင်း အမေရိကန် အမျိုးသားအဆင့် အမြန်လမ်းအန္တရာယ်ကင်းရှင်းမှုကြီးကြပ်ရေးအာဏာပိုင် (The US National Highway Traffic Safety Administration) ၏ အစီရင်ခံစာတွင် ဖော်ပြခဲ့ပါသည်။

စီမံချက်ကို ၁၉၉၃ ခုနှစ်တွင် မြောက်ကာရိုလိုင်းနားပြည်နယ်၌ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းလုပ်ဆောင်မှုအနေဖြင့် စတင်ခဲ့ပြီး ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုကို လျှော့ချရန် ရည်ရွယ်ခဲ့ပါသည်။ ယင်းသည် အမေရိကန်နိုင်ငံ၏ ပထမဆုံးခရိုင်လုံးဆိုင်ရာ ထိုင်ခုံခါးပတ် မဝတ်မနေရလှုပ်ရှားမှုဖြစ်ခဲ့သည်။ စီမံချက်စတင်သည့် ပထမနှစ်အတွင်း ထိုင်ခုံခါးပတ်အသုံးပြုသူ ၆၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး နှစ်စဉ်လည်း တိုးတက်လျက်ရှိကြောင်း သိရသည်။ ၂၀၀၈ ခုနှစ် စစ်တမ်းများအရ မြောက်ကာရိုလိုင်းနားတွင် ယာဉ်၏ရှေ့ခန်း၌ လိုက်ပါသူများ၏ ၉၀ ရာခိုင်နှုန်းသည် ထိုင်ခုံခါးပတ်ဝတ်ဆင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၀၀ ခုနှစ် နိုဝင်ဘာလတွင် တောင်ကာရိုလိုင်းနားပြည်နယ်၌လည်းကောင်း၊ ၂၀၀၁ ခုနှစ် မေလတွင် တောင်ပိုင်းပြည်နယ် ခုနစ်ခုတွင်လည်းကောင်း ယင်းစနစ်ကိုစတင်ကျင့်သုံးခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် အခြားသောပြည်နယ် ၁၈ ခု၌ ကျင့်သုံးခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ပြည်နယ် ၄၃ ခုနှင့် ကိုလံဘီယာခရိုင်တစ်ခုလုံးတွင် ခါးပတ်နှင့် ငွေဒဏ်ကြိုက်ရာရွေးရန် စီမံချက်ကို စတင်ဆောင်ရွက်ခဲ့ကြသည်။ ယခုအခါ ထိုင်ခုံခါးပတ်အတွက် ဥပဒေပြဋ္ဌာန်းပြီးသော ပြည်နယ်အားလုံးတွင် အဆိုပါ စီမံချက်ကို ဆောင်ရွက်လျက်ရှိသည်။ စီမံချက်ကို အကောင်အထည်ဖော်ရာတွင် ပြည်သူလူထုအား ရက်သတ္တပတ်ပေါင်းများစွာ ပညာပေးဆောင်ရွက်ခြင်း၊ စုရပ်များသတ်မှတ်၍ ခါးပတ်အသုံးပြုမှုကို စစ်ဆေးခြင်းနှင့် နယ်လှည့်စစ်ဆေးခြင်းကိစ္စများပါ ထည့်သွင်းဆောင်ရွက်ခဲ့ကြသည်။

စီမံချက်အောင်မြင်ရခြင်းသည် စည်းကမ်းချိုးဖောက်သူများအား တာဝန်ရှိရဲများမှ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိချိန်တွင် မီဒီယာများမှလည်း ကျယ်ကျယ်ပြန့်ပြန့် တိုက်တွန်းနှိုးဆော်အသိပညာပေးခဲ့ခြင်းကြောင့် ဖြစ်သည်။ ထိုသို့ပူးပေါင်းဆောင်ရွက်မှုကြောင့် ယာဉ်မောင်းသူများကို ထိရောက်စွာ ပညာပေးနိုင်ခဲ့သည်။

စီမံချက်၏အဓိကပစ်မှတ်သည် အသက် (၁၈)နှစ်နှင့် (၃၄)နှစ်ကြား အမျိုးသားယာဉ်မောင်းများဖြစ်ကြပြီး ၎င်းတို့သည် ကားကိုခပ်ရမ်းရမ်းမောင်းကာ ခါးပတ်ဝတ်ရန် မကြိုက်တတ်ကြသူများဖြစ်ကြသည်။ ၂၀၀၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆထိခိုက်မှုများတွင် သေဆုံးခဲ့သော အသက် (၁၈)နှစ်နှင့် (၃၄)နှစ်ကြား အမျိုးသားယာဉ်မောင်းများ၏ ၇၅ ရာခိုင်နှုန်းသည် ထိုင်ခုံခါးပတ်ဝတ်ဆင်မထားသူများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပစ်ကပ်ကုန်တင်ယာဉ်မောင်းများသည် ဤစီမံချက်၏ ဒုတိယပစ်မှတ်ဖြစ်ပါသည်။ ၂၀၀၇ ခုနှစ် စာရင်းဇယားများအရ အမေရိကန်နိုင်ငံ၏ ယာဉ်မတော်တဆဖြစ်မှုများတွင် ဒဏ်ရာပြင်းထန်စွာ ရရှိသူများ၏ ၆၂ ရာခိုင်နှုန်းသည် ထိုင်ခုံခါးပတ်မဝတ်သော ယာဉ်မောင်းများဖြစ်ကြကြောင်း တွေ့ရှိရပါသည်။

ထိုင်ခုံခါးပတ်ဝတ်ဆင်ခြင်းနှင့်ပတ်သက်၍ အရေးယူရာတွင် ပထမအဆင့်အရေးယူမှု (Primary Offense) နှင့် ဒုတိယအဆင့်အရေးယူမှု (Secondary Offense) ဟူ၍ ရှိပါသည်။ ပထမအဆင့်အရေးယူရာတွင် ထိုင်ခုံခါးပတ်မဝတ်ဆင်ပါက ယင်းအမှုတစ်ခုတည်းအတွက်ကိုသာ ဦးတည်အရေးယူခြင်းဖြစ်ပြီး ထပ်မံကျူးလွန်ပါက ဒုတိယအဆင့်အရေးယူမှုအဖြစ် ထိုင်ခုံခါးပတ်မဝတ်မှုအပြင် အခြားသော ချိုးဖောက်မှုဆိုင်ရာ ဥပဒေများအရပါ အရေးယူဆောင်ရွက်ပါသည်။ ၂၀၀၇ ခုနှစ်၌ ကိုလံဘီယာခရိုင်နှင့် အခြားပြည်နယ် ၂၅ ခုတွင် ပထမအဆင့် ထိုင်ခုံခါးပတ်ဥပဒေ (Primary Seatbelt Law) ပြဋ္ဌာန်းခဲ့ပြီး ကျန်ပြည်နယ် ၂၄ ခုတွင် (Secondary Seatbelt Law)ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၀၉ ခုနှစ်၌ အမေရိကန်ပြည်သူ့ကျန်းမာရေးဥပဒေသုတေသနအဖွဲ့ (Public Health Law Research) မှ ကြေညာချက်ထုတ်ပြန်ခဲ့ရာတွင် “ထိုင်ခုံခါးပတ်ဥပဒေသည် ကောင်းမွန်သော ဥပဒေတစ်ရပ်ဖြစ်ပြီး လူအများအပြား၏ အသက်ကိုကယ်တင်နိုင်ခဲ့ကြောင်း၊ သို့သော် ပထမအဆင့်အရေးယူမှု (Primary offense) သည် ဒုတိယအဆင့်အရေးယူမှု (Secondary offense) ထက်ပို၍ အောင်မြင်မှုရရှိပြီး မတော်တဆ ထိခိုက်မှုများကို လျှော့ချနိုင်ခဲ့ကြောင်း” တရားဝင်ကြေညာခဲ့ပါသည်။

ကိုးကားချက်။ (၁) INSURANCE INSTITUTE FOR HIGHWAY SAFETY မဂ္ဂဇင်း၏ STATUS REPORT ပါ IT'S SIMPLE CLICK IT OR TICKET ဆောင်းပါး။
(၂)Seatbelt Legislation- Wikipedia, the free encyclopedia
(၃) United Sates-Wikipedia, the free encyclopedia

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၃၅)လမ်း အမှတ် (၂၇/၂၉)မြန်မာနိုင်ငံဓာတ်ပုံအသင်း ဥက္ကဋ္ဌ ဦးဖေမြင့်ဦး တရုတ်နိုင်ငံ SHANXI ပြည်နယ် PINGYAO ရှေးဟောင်းမြို့တွင် ကျင်းပမည့် (၁၃)ကြိမ်မြောက် နိုင်ငံတကာ ဓာတ်ပုံပြပွဲသို့ ထွက်ခွာရာ ဒုတိယဥက္ကဋ္ဌ ဦးထင်လင်းနှင့် ပြန်ကြားရေးမှူး ဦးသန်းထွန်းဦးတို့ပို့ဆောင် နှုတ်ဆက်စဉ်။

ကျော်မြင့်သန်း(လမ်းမတော်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ပျားလုပ်ငန်းက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် အသုံးပြုရန် အောက်ပါ လျှပ်စစ်ပစ္စည်း၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ် အပ်ပါသည်-

(က) Air conditioner (၂)စုံ
(ခ) Copier, Computer and Accessories, Printer (၁၀)စုံ

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားလုပ်ငန်း၊ ရုံးအမှတ် (၃၆) နေပြည်တော်တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ပစ္စည်းများ၏ အသေးစိတ်အချက်အလက် များကိုသိရှိလိုပါက ပစ္စည်းဝယ်ယူရေးအဖွဲ့ ဖုန်း-၀၆၇-၄၀၈၀၆၁၊ ၀၆၇-၄၀၈၂၀၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါများကို ၃၀-၉-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

(တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်မင်းသူ(ခ)အီစမိုင်ဘိုင်သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို လက်မခံဘဲအကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် အပြီးပိုင်စွန့်လွှတ်လိုက်ပါသည်။ နောင်နောင် မောင်မင်းသူနှင့် ပတ်သက်သည့်ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအေးသန်း[၁၂/တကန(နိုင်)၀၇၆၀၄၂]

သစ်တောသစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

နည်းပညာသတင်း — လင်းနို့လူသားဇာတ်ကောင် ကားအသွင်ဆောင်မည့် Lamborghini Ankonian

ALEZ

ဥရောပ၏ကောင်းမွန်သောလမ်းမများထက်တွင် ဂန္ထဝင်တွင်စေမည့် ဂျာမနီနိုင်ငံမှ ကမ္ဘာကျော်ပြိုင်ကားအများစုကို ထုတ်လုပ်လျက်ရှိသော Lamborghini မော်တော်ယာဉ်လုပ်ငန်းမှ ကိုယ်ထည်ဒီဇိုင်းဆန်းပြားသည့် ပြိုင်ကားအသစ်တစ်မျိုးကို မိုဘိုင်းမီဒီယာစာမျက်နှာများတွင် မိတ်ဆက်ပြသလိုက်သည်။ ယင်းပြိုင်ကား၏ဒီဇိုင်းကို ဂျာမနီနိုင်ငံ မြူးနစ်တက္ကသိုလ်မှ ကျောင်းသားတစ်ဦးဖြစ်သည့် Slavche Tanevsky က ဒီဇိုင်းရေးဆွဲပေးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ကားတစ်စီးလုံး၏ ကိုယ်ထည်ကို နာမည်ကျော် လင်းနို့လူသားဇာတ်ကားများမှ စိတ်ကူးဖန်တီးရိုက်ကူးထားသော ဇာတ်ကောင် လင်းနို့လူသား စီးနင်းမောင်းနှင်သည့် ကားပုံစံကိုအခြေခံပြီး ဒီဇိုင်းရေးဆွဲပေးခဲ့ခြင်းဖြစ်သည်ဟု အဆိုပါတက္ကသိုလ်ကျောင်းသားက စာမျက်နှာများတွင် ရေးသားထားသည်။

Lamborghini ပြိုင်ကားတို့၏အစဉ်အလာအတိုင်းပင် တံခါးနှစ်ပေါက်သာပါပြီး အပေါ်ဘက်သို့တွန်းဖွင့်သည့် တံခါးပုံစံမျိုးပင် ထည့်သွင်းတပ်ဆင်ထားသည်။ အင်ဂျင်မှာလည်း စလင်ဒါခြောက်လုံးတပ်ဆင်ထားပြီး ကြီးမားသော အင်ဂျင်စွမ်းအင်နှင့် ဆန်းပြားသည့်ကိုယ်ထည်ဒီဇိုင်းကြောင့် လေဟုန်ခွင်း၍ လမ်းမများတွင် မောင်းနှင်မည်ဆိုပါက တစ်နာရီလျှင် မိုင် ၂၀၀ နီးပါးအထိ မောင်း နှင်နိုင်မည်ဖြစ်သည်။ အဆိုပါပြိုင်ကားသည် လာမည့် ၂၀၁၆ ခုနှစ်တွင် ဥရောပ ကားဈေးကွက်အတွင်းရောက်ရှိလာနိုင်ကြောင်း၊ ကိုယ်ထည်ဒီဇိုင်းပိုင်း ဆန်းပြား ရုံမျှမက ကားအတွင်းပိုင်းတွင်လည်း အခြားထုတ်လုပ်ရောင်းချပြီးသော Lamborghini ကားများထက်ပို၍ ဆန်းပြားအောင်ထည့်သွင်းပေးထားကြောင်း၊ စွမ်းအင်ချွေတာမှု Hybird စနစ်ပါဝင်မည်ဖြစ်ပြီး ကမ္ဘာကျော်မြန်နှုန်းမြင့်ပြိုင်ကားများနှင့်ယှဉ်၍ မောင်းနှင်နိုင်မည်ဖြစ်ကြောင်း၊ ထိန်းချုပ်မောင်းနှင်ခြင်းဆိုင်ရာစနစ်၊ ဘရိတ်စနစ်၊ ဂီယာစနစ် အစရှိသည့် ကားတစ်စီးတွင် အရေးပါသည့်စနစ်များအားလုံးကို အဆင့်မြင့်နည်းပညာနှင့် ဆန်းပြားသည့် ဒီဇိုင်းများအသုံးပြုထည့်သွင်းတည်ဆောက်ကာ ဈေးကွက်အတွင်းသို့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း အဆိုပါမော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာတစ်ဦးက မီဒီယာစာမျက်နှာများတွင် ဖော်ပြထားသည်။

အဆိုပါပြိုင်ကားကို Lamborghini Ankonian ဟု အမည်သတ်မှတ်ထားပြီးဖြစ်သည်ဟု ၎င်းတက္ကသိုလ်ကျောင်းသားက ပြည်တွင်းမီဒီယာများကို ပြောကြားသည်။ Ankonian ပြိုင်ကား ဒီဇိုင်းမရေးဆွဲမီ အဆိုပါမြူးနစ်တက္ကသိုလ်ကျောင်းသားသည် Lamborghini Reventon ကို ဖန်တီးရေးဆွဲပေးခဲ့ပြီး အမှန်တကယ်ပင် ဈေးကွက်အတွင်း ရောက်နေပြီဖြစ်သည်ဟု သိရသည်။ အဆိုပါ Ankonian ပြိုင်ကားသည် လက်တွေ့ဈေးကွက်သို့မရောက်မီပင် ကြိုတင်မှာယူမှုများလည်းရှိနေပြီဖြစ်သည်ဟု Lamborghini မော်တော်ယာဉ်လုပ်ငန်းမှ မီဒီယာစာမျက်နှာများတွင် ရေးသားထားမှုများကိုလည်း တွေ့ရသည်။

နိုင်ငံခြားဧည့်သည်များ ဦးပိန်တံတားသို့ အရောက်များ

အမရပူရ စက်တင်ဘာ ၁၉

ရွှေဟောင်းသမိုင်းဝင် ဦးပိန်တံတားကြီးတည်ရှိရာ တောင်သမန်အင်းရေကြီးချိန်တွင် မြန်မာပြည်အရပ်ရပ်သာမက ပြည်ပနိုင်ငံ ကိုးနိုင်ငံမှ နိုင်ငံခြားဧည့်သည်များ အရောက်များလာကြောင်း သိရသည်။ ပြင်သစ်အမျိုးသား ၂၀၊ အမျိုးသမီး ၁၀ ဦး၊ စပိန်အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၀ ဦး၊ အီတလီအမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၀ ဦး၊ ဩစတြေးလျ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၂၀၊ ဂျပန်အမျိုးသား ခြောက်ဦး၊ အမျိုးသမီး လေးဦး၊ ယိုးဒယားအမျိုးသား ကိုးဦးနှင့် အမျိုးသမီး ကိုးဦး၊ ဂျာမန်အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ကိုးဦး၊ တရုတ်အမျိုးသား ကိုးဦး၊ အမျိုးသမီး ရှစ်ဦးနှင့် ကနေဒါ အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ငါးဦး တောင်သမန်အင်းပေါ်ရှိ ရွှေဟောင်းသမိုင်းဝင် ဦးပိန်တံတားကို စက်တင်ဘာ ၁၈ ရက်တွင် လာရောက်လေ့လာကြကြောင်းနှင့် ငှက်လှေစီးလိုပါက ငှက်လှေတစ်စီးကို မြန်မာငွေကျပ် ၅၀၀၀ နှင့် ငှားရမ်းကြောင်း တောင်သမန်အင်း ငှက်လှေအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းထံမှ သိရသည်။ **(မောင်မောင်စိုး-မြစ်ငယ်)**

w,kU;&mwift r,drwfpfD ye,f&aq;p0f;kwf&ufoq;k

အင်းတော် စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပင်ဝယ်ကျေးရွာအုပ်စု တုံးလုံကျေးရွာ၌ အမျိုးသမီးတစ်ဦး ကျောက်စိမ်း ဂမုန်းပန်းများ ရေဆေးနေစဉ် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က ၎င်းရွာနေ မခင်ဆန်းမြင့်(၃၃)နှစ်သည် တုံးလုံရွာ၏ မြောက်ဘက်ရွာနှင့်ကပ်လျက်ရှိသည့် စိမ့်ရေတွင်းဘေးတွင် ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေသည်ကို တွေ့ရသည်။ သေဆုံးသူ မခင်ဆန်းမြင့်သည် အတက်ရောဂါရှိသူတစ်ဦးဖြစ်၍ စိမ့်ရေတွင်း၏ဘေးတွင် ကျောက်စိမ်း ဂမုန်းပန်းများကို ဘုရားကပ်လှူရန် ရေဆေးနေစဉ် ရုတ်တရက် အတက်ရောဂါကြောင့် မှောက်လျက်လဲကာ ခြောက်လက်မခန့်ရှိသော ရေတိမ်တွင် ရေနစ်သေဆုံးရခြင်းဖြစ်နိုင်ကြောင်း ဒေသခံများက ပြောသည်။ အတက်ရောဂါရှိသူများသည် ရေဘေး၊ မီးဘေးအန္တရာယ်များ ကြုံတွေ့နိုင်မှုများပြားသဖြင့် အထူးသတိထားစောင့်ကြည့်ပေးရန် လိုအပ်ကြောင်း တာဝန်ရှိသူများက ဒေသခံများကို သတိပေးပြောကြားခဲ့သည်။ **(နီတိုး)**

စက်မှုဝန်ကြီးဌာန၊ ဝင်းသူဇာအရောင်းဆိုင်များအား ပုဂ္ဂလိကအရောင်းဆိုင်အဖြစ် ငှားရမ်းရေး တင်ဒါအောင်မြင်သူ စာရင်းအသိပေးကြေညာခြင်းနှင့် တင်ဒါထပ်မံဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော ဝင်းသူဇာအရောင်းဆိုင်(၃၈)ဆိုင်ကို ပုဂ္ဂလိကသို့ ငှားရမ်းနိုင်ရေးအား ၁၇-၉-၂၀၁၃ရက် ၁၀နာရီတွင် တင်ဒါဖွင့်ဖောက်ပွဲအား တင်ဒါတင်သွင်း သူများ၏ရှေ့၌ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ထားသည့် ဝင်းသူဇာဆိုင်(၃၈)ဆိုင်အနက်(၄)ဆိုင်မှာ အဆိုပြုလွှာ တင်သွင်းသူမရှိခြင်း၊ (၄)ဆိုင်မှာ ကြမ်းခင်းဈေးနှုန်းမမီခြင်း၊ (၂)ဆိုင်မှာ အမြင့်ဆုံးဈေးနှုန်း တူညီနေခြင်းနှင့် ဝင်းသူဇာအရောင်းဆိုင်(ရွာတော်)မှာ ပြန်လည်စိစစ်ရန် လိုအပ်ခြင်းတို့ကြောင့် တင်ဒါအောင်မြင် သော ဝင်းသူဇာဆိုင် စုစုပေါင်း(၂၇)ဆိုင် ဖြစ်ပါသည်။

အဆိုပါ တင်ဒါအောင်မြင်သော ဝင်းသူဇာဆိုင်(၂၇)ဆိုင်၏ တင်ဒါအောင်မြင်သူ အမည်နှင့် ဈေးနှုန်းများအား အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

စဉ်	ဝင်းသူဇာဆိုင်အမည်	တင်ဒါအောင်မြင်သူ အမည်	တစ်လငှားရမ်းခ နှုန်းထား(ကျပ်)
၁	ဗဟန်း	ဒေါ်သန်းသန်းစိန်	၁၅ ,၂၀၀, ၀၀၀
၂။	သာကေတ	ဦးပြည့်ဖြိုးလတ်	၆,၀၆၀,၀၀၀
၃။	မဟာအောင်မြေ	ဦးသီဟအောင်မြင့်	၄,၀၀၀,၀၀၀
၄။	လားရှိုး	ဒေါ်မင်းယဉ်ကျော်	၄,၇၁၀,၀၀၀
၅။	စစ်တွေ	ဦးမောင်သန်းဌေး	၃,၀၂၀,၀၀၀
၆။	ဂန့်ဂေါ	ဒေါ်သန်းသန်းစိန်	၁,၀၀၀,၀၀၀
၇။	ဘားအံ	ဦးကျော်ကျော်	၁,၅၈၀,၀၀၀
၈။	ကျောက်ဆည်	ဦးဇော်မျိုးထက်	၂,၁၁၅,၀၀၀
၉။	အောင်လံ	ဦးစောအောင်သိန်း	၁,၀၅၀,၀၀၀
၁၀။	ညောင်ဦး	ဦးကျော်ကျော်	၁,၇၄၀,၀၀၀
၁၁။	မော်လမြိုင်	ဦးသီဟအောင်	၉၀၀,၀၀၀
၁၂။	မြစ်ကြီးနား	ဦးဇမင်းထိုက်	၁၆,၀၅၀,၀၀၀
၁၃။	မန္တလေး	ဦးမောင်မောင်ထွေး	၃,၀၁၀,၀၀၀
၁၄။	ပြည်	ဦးအောင်စံသာ	၂,၆၅၀, ၀၀၀
၁၅။	ရမည်းသင်း	ဦးသီဟအောင်	၈၀၀,၀၀၀
၁၆။	မြင်းခြံ	ဦးဇော်မျိုးလင်း	၁,၀၁၀,၀၀၀
၁၇။	မြို့မဈေး	ဦးဇေယျာဦး	၁,၅၀၀,၀၀၀
၁၈။	ပခုက္ကူ	ဦးကျော်ကျော်	၁,၉၆၀,၀၀၀
၁၉။	မုံရွာ	ဦးသီဟအောင်	၂,၀၀၀,၀၀၀
၂၀။	အနောက်မရမ်းကုန်း	ဦးခိုင်ဇော်သင်း	၆,၀၅၀,၀၀၀
၂၁။	မြောက်ဥက္ကလာ	ဦးမျိုးထွေး	၂,၇၆၀,၀၀၀
၂၂။	တောင်ဒဂုံ	ဒေါ်ဝင်းဝင်းတင့်	၄,၀၅၅,၀၀၀
၂၃။	ပျော်ဘွယ်	ဦးသီဟအောင်	၈၀၀, ၀၀၀
၂၄။	တောင်ဥက္ကလာ	ဒေါက်တာသန်းထွန်း	၆,၀၀၀,၀၀၀
၂၅။	လှိုင်	ဦးလင်းသန့်	၈,၆၆၀,၀၀၀
၂၆။	လှိုင်သာယာ	ဦးသူရိန်အောင်	၃,၆၅၀,၀၀၀
၂၇။	မရမ်းကုန်း	ဦးနေရွှေသွေးအောင်	၅,၅၀၀,၀၀၀

အမြင့်ဆုံးဈေးနှုန်းတူညီသည့် ဝင်းသူဇာအရောင်းဆိုင် (ဗိုလ်ချုပ်ဈေးနှင့် အမ်း)တို့ကို ၁၉-၉-၂၀၁၃ ရက်တွင် နောက်ဆုံးအဆိုပြု ဈေးနှုန်းအား ထပ်မံတင်ပြစေပြီး တင်ဒါအောင်မြင်သူကို ရွေးချယ်သွားမည်ဖြစ်ပါသည်။

ဖော်ပြပါ (၂)ဆိုင် အပါအဝင် တင်ဒါအောင်မြင်သူ ပုဂ္ဂိုလ်(၂၉)ဦးတို့အား သက်ဆိုင်ရာ ဝင်းသူဇာဆိုင်များ လွှဲပြောင်းပေးခြင်းကို ၁-၁၀-၂၀၁၃ ရက် နောက်ဆုံးထား၍ စာချုပ်ချုပ်ဆို လွှဲပြောင်းပေးမည် ဖြစ်ကြောင်း သိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

တင်ဒါအဆိုပြုလွှာတင်သွင်းခြင်းမရှိသည့် ဝင်းသူဇာအရောင်းဆိုင် (ဆားလင်းကြီး၊ ပွင့်ဖြူ၊ ကညွတ်ကွင်း၊ ဆော)တို့နှင့် ကြမ်းခင်းဈေး မမီသည့် ဝင်းသူဇာအရောင်းဆိုင် (မြိုင်၊ ရေစကြို၊ ယင်းမာပင်၊ ဝင်းသူဇာကုန်တိုက် သီရိရတနာအဆင့်မြင့်ဈေး)တို့အတွက် တင်ဒါဈေးနှုန်း အဆိုပြုလွှာများ ထပ်မံတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပြီး တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) အဆိုပြုလွှာများ စတင်ရောင်းချ - ၂၃-၉-၂၀၁၃ ရက်(တနင်္လာနေ့) မည့်ရက်

(ခ) အဆိုပြုလွှာတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)နေပြည်တော်

(ဂ) အဆိုပြုလွှာနောက်ဆုံးပေးသွင်း - ၄-၁၀-၂၀၁၃ (သောကြာနေ့) ရမည့်နေ့ရက်အချိန် နံနက် ၉ နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဌာနတွင် စုံစမ်းနိုင်ပါသည်။

ဦးသိန်းဆွေ၊ ညွှန်ကြားရေးမှူး၊ စက်မှုညွှန်ကြားရေး ဦးစီးဌာန
ဖုန်း-၀၆၇ ၄၀၈၀၁၉၆၊ ၀၆၇ ၄၀၈၀၁၃၉၊ ၀၉၈၃၀၂၄၅၆

စက်မှုညွှန်ကြားရေးဦးစီးဌာန

တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ပြည်လမ်းနှင့်ရွာမကျောင်းလမ်းတို့တွင် Car Showroom များ တည်ဆောက်လိုပါသဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်သူများ တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ Streel Structure Contractor

၂။ Civil Work Contractor

၃။ M&E Contractor

၄။ Glass & Aluminium Contractor

၂။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် ၂၅-၉-၂၀၁၃

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက Cycle & Carriage Automobile Myanmar Co.Ltd အမှတ် 148/7D မြဝတ်ရည်လမ်းသွယ် အေဝမ်းခြံလမ်း၊ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့သို့ လာရောက်၍လည်းကောင်း၊ တယ်လီဖုန်းအမှတ် 01-661927, 09-73131898 အားလည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉ ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် (၆၅/ဃ) နေ အဖ(ဦးမောင်မောင်လေး)နှင့် အမိ ဒေါက်တာ စန္ဒာနွယ်တို့၏ သမီးဖြစ်သူ မခိုင်ခေမာမောင်မောင်လေး[၁၂/မရက(နိုင်)၁၃၈၈၂၄]သည် ဘိုးဘွား မိဘဆိုဆုံးမမှုကို မနာခံဘဲ အဘိုးအဘွားများ၊ မိဘများ ဦးလေး၊ အဒေါ်၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေခြင်းနှင့် အရှက်ရစေရန်အတွက် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိ၏ သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သမီးတူမအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ နောက်နောင် မခိုင်ခေမာမောင်မောင်လေးနှင့် ပတ်သက်၍ ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင် ဒေါက်တာ စန္ဒာနွယ်[၁၂/မရက(နိုင်)၁၀၂၈၆၀]

ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ် (၆၅/ဃ) နေ ဒေါက်တာသိန်းအောင်[၁၂/မရက(နိုင်)၀၇၅၆၃၀]နှင့် ဒေါ်သန်းစိန်(AG -၁၆၂၉၅၈) တို့၏ ကိတ္တိမသမီးဖြစ်သူ မခိုင်ခေမာမောင်မောင်လေး[၁၂/မရက(နိုင်)၁၃၈၈၂၄]သည် ဘိုးဘွားမိဘဆိုဆုံးမမှုကို မနာခံဘဲ အဘိုးအဘွားများ၊ မိဘများ၊ ဦးလေး၊ အဒေါ်၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေခြင်းနှင့် အရှက်ရစေရန် အတွက် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိမိ၏ သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ကြော်ငြာပါ သည့်ရက်မှစ၍ ကိတ္တိမသမီး၊ တူမ အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ နောက်နောင် မခိုင်ခေမာမောင်မောင်လေးနှင့်ပတ်သက်၍ ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါက်တာသိန်းအောင်၊ ဒေါ်သန်းစိန်

အလိုက်ဖက်ဆုံး အဝတ်အစားဝတ်ဆင်တတ်သည့် အမျိုးသမီး ကယ်ရီဝါရှင်တန်

အေဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သည့် Scandal ဇာတ်ကားဖြင့် အမ်မီဆုလျာထားခံရသည့် သရုပ်ဆောင် ကယ်ရီဝါရှင်တန်အား ပီးပဲလ်မဂ္ဂဇင်းမှ "ကမ္ဘာပေါ်တွင် အလိုက်ဖက်ဆုံး အဝတ်အစားဝတ်ဆင်တတ်သည့် အမျိုးသမီး"အဖြစ် စက်တင်ဘာ ၁၈ ရက် (ဗုဒ္ဓဟူးနေ့)က ဂုဏ်ပြုပေးခဲ့ကြောင်း သိရသည်။

အသက်(၃၆)နှစ်အရွယ် သရုပ်ဆောင် ကယ်ရီဝါရှင်တန်က အကယ်ဒမီဆုရှင် ဂျနီဖာလောရန့်စ်၊ တေးသံရှင် Solange Knowles နှင့် မင်းသမီး Jenna Dewan-Tatum တို့ကို ကျော်လွန်ကာ ယင်းကဲ့သို့ဂုဏ်ပြုဆုကို ရရှိခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် အဝတ်အစား ရွေးချယ်ရာတွင် တက်မည့်ပွဲနှင့်လိုက်ဖက်ညီမည့် သက်သောင့်သက်သာ အဝတ်အစားများကိုသာ များသောအားဖြင့် ရွေးချယ်လေ့ရှိကြောင်း ဂုဏ်ပြုပွဲအပြီးတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားတွင် ကယ်ရီဝါရှင်တန်က အလိုက်ဖက်ဆုံး အဝတ်အစားဝတ်ဆင်တတ်သည့်အမျိုးသမီးအဖြစ် ဂုဏ်ပြုခံခဲ့ရသလို ယမန်နှစ်က အော်စကာဆုရှင် ဂျနီဖာလောရန့်စ်က အကောင်းဆုံးဖက်ရှင်စတိုင်လ်ဆုကို လည်းကောင်း၊ ဂျက်စီကာချက်စတိန်းက Best Red Carpet Style ဆုတို့ကို လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

○ RBE တွဲဆိုင်းများမှ

အင်ဂျင်နီယာမှူး (မြို့ပြရုံး)၊ တိုင်း(၇) ရန်ကုန်မှတိုင်းတာဝန်ခံနှင့် လက်ထောက်အထွေထွေ မန်နေဂျာ ဦးကျော်ကျော်မျိုးက "ဒီ (RAIL BUS ENGINE) လို့ခေါ်တဲ့ RBE တွဲဆိုင်းတွေက အရမ်းကို အဆင့်မီကောင်းမွန်ပါတယ်၊ အင်ဂျင်ကရထားအောက်မှာပါတယ်လေ၊ တစ်လုံးပျက်ရင် နောက်တစ်လုံးနဲ့ ဆွဲနိုင်အောင်နဂိုကတည်းက ပြုလုပ်ထားပြီးသားပါ။ အောက်တိုဘာလမှာ ပြေးဆွဲသွားနိုင်အောင် စီစဉ်နေပါတယ်၊ ဈေးနှုန်းကတော့ အတည်မပြုရသေးပါဘူး၊ လမ်းကြောင်းကလည်းလျာထားတုန်းရှိပါသေးတယ်၊ အားလုံးညှိနှိုင်းစီစဉ်ဆောင်ရွက်ပြီးတော့ အများပြည်သူအတွက် အကောင်းဆုံးလမ်းကြောင်းကို ရွေးချယ်သွားပါ့မယ်၊ အလှအသီးသီးက အများပြည်သူ တွေဈေးနှုန်းသက်သာစွာစီးနိုင်အောင်လည်း ပြုလုပ်သွားမှာပါ"ဟု ပြောကြားသည်။

ဆက်လက်၍ (RAIL BUS ENGINE) RBE အဆင့်မြင့် တွဲဆိုင်းများမှာ ပြင်ပနိုင်ငံများမှရောက်ရှိလာခဲ့ခြင်းဖြစ်သည့်အတွက် လှေကားလက်ကိုင်တန်းမှာ ယာဘက်အခြမ်းတွင်သာရှိနေခြင်းကြောင့် မိမိတို့နိုင်ငံအတွင်းရှိ အများပြည်သူများအတွက်အသုံးတည့်အဆင်ပြေစေရန် တွဲဆိုင်းများ၏ ဝဲဘက်လှေကားလက်ကိုင်တန်းများအားပြုလုပ်ရကြောင်း၊ လှေကားမှာ အသက်အရွယ်ကြီးရင့်သူများနှင့် ကလေးများ အဆင်ပြေစေရန်အတွက် ဒုတိယအဆင့်တွင် အနည်းငယ်ပြန်ဟိုက်ပေးရကြောင်း၊ လက်ရှိတွင်လည်း မြန်မာ့မီးရထားမှ ရန်ကုန်-ကျိုက်ထို အထူးအဲကွန်းရထားအား ပြေးဆွဲစီစဉ်ဆောင်ရွက်ထားရှိမှုများကြောင့် မိမိတို့မှာ အတွေ့အကြုံများ ရရှိထားပြီးဖြစ်ကြောင်း ၎င်း၏ပြောပြချက်အရ သိရသည်။

"RBE တွဲဆိုင်းကတော့ စက်ပိုင်းဆိုင်ရာ၊ အဲကွန်းပိုင်းဆိုင်ရာ အရမ်းကောင်းပါတယ်၊ ကျွန်တော်တို့က အဲကွန်းပျက်စီးမှာကိုလည်း အဖြစ်မခံနိုင်ပါဘူး၊ စက်ပိုင်းဆိုင်ရာတွေကိုလည်း ချွတ်ယွင်းမှုများအဖြစ်မခံနိုင်ပါဘူး၊ အထူးသဖြင့် ဒီလိုပြေးဆွဲဖို့ စီစဉ်ထားရှိတဲ့ မြို့ပတ်အဲကွန်းရထားမှာ ပိုပြီး အဖြစ်မခံနိုင်ပါဘူး၊ စက်ပျက်သွားခဲ့မယ်ဆိုရင်လည်း ရှေ့ဆက်မသွားနိုင်အောင် အခက်အခဲဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ဒီ (RAIL BUS ENGINE) RBE အဆင့်မြင့် တွဲဆိုင်းတွေရဲ့ ဘရိတ်စနစ်က AIR PRESSURE စနစ်ဆိုတော့ မြန်ဆန်ပါတယ်၊ ရုတ်တရက်အရှိန်နှုန်းမြှင့်တင်နိုင်သလို ရုတ်တရက်လျှော့ချနိုင်ပါတယ်" ဟု ဆက်လက်ရှင်းပြခဲ့သည်။

လက်ရှိမြန်မာ့မီးရထားလုပ်ငန်းမှ မြို့ပတ်ရထားစီးခရီးသည်ဦးရေ တိုးတက်များပြားလျက်ရှိနေပြီး မြို့ပတ်ရထားခရီးစဉ်အကွာအဝေးအချိန်မှာ ၂ နာရီနှင့် ၅၀ မိနစ်အချိန်ကြာမြင့်ကြောင်းသိရကာ ပုံမှန်ပြေးဆွဲခေါက်ရေ ၂၀၀ မှ အောက်တိုဘာလလယ်၌ ပြေးဆွဲသွားမည်ဖြစ်သော ပထမဆုံးအဲကွန်းရထားများအား ပြေးဆွဲပေးသွားခြင်းဖြင့် ခေါက်ရေ ၂၀၈ ခေါက်ထိ တိုးတက်လာနိုင်စေရန် ခန့်မှန်းထားကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

စင်ကာပူ၌ ဝင်ငွေအကောင်းဆုံးဖြစ်နေသည့် The Conjuring သည်းထိတ်ရင်ဖိုဇာတ်ကား

မလေးရှားဒါရိုက်တာ ဂျိမ်းစ်ဝမ်၏ လက်ရာဖြစ်ပြီး သရုပ်ဆောင်များအဖြစ် Vera Farmiga နှင့် Patrick Wilson တို့ အဓိကပါဝင်သရုပ်ဆောင်ထားကြသည့် The Conjuring အမည်ရှိ သည်းထိတ်ရင်ဖိုဇာတ်ကားသည် စင်ကာပူနိုင်ငံတွင် ဝင်ငွေအမြင့်ဆုံးသော ဇာတ်ကားအဖြစ် ရပ်တည်လျက်ရှိသည်။

ယင်းဇာတ်ကားသည် ၁၉၉၉ ခုနှစ်က စင်ကာပူနိုင်ငံတွင် နာမည်အကြီးဆုံး ဇာတ်ကားဖြစ်သည့် The Sixth Sense ကို ကျော်လွန်ကာ ဝင်ငွေအကောင်းဆုံးအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

The Conjuring ဇာတ်ကားကို ဩဂုတ် ၂ ရက်မှ စတင်ကာ စင်ကာပူရုပ်ရှင်ရုံများ၌ ရုံတင်ပြသခဲ့ပြီး စက်တင်ဘာ ၂၅ ရက်အထိဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့်

ရှေ့တိုက်ရှေ့ပြုတ်ပြီး ကွန်ကရစ်တိုင်ကိုတိုက်

နေပြည်တော် စက်တင်ဘာ ၁၉

ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၂၅၁/၁-၂)အကြားတွင် စက်တင်ဘာ ၁၆ ရက် နံနက် ၃ နာရီခွဲက ရန်ကုန်မှ မန္တလေးသို့ မန္တလေးမြို့ (၈၄)လမ်း (၃၄×၃၅) လမ်းကြားနေ ကျော်မင်းထွန်း(၃၃) နှစ်မောင်းနှင်လာသည့် ၃င/. . . တိုယိုတာ ဆက်စီအဖြူရောင်ယာဉ်သည် ရှေ့တိုက်ရှေ့ပြုတ်ကာ သပြေစမ်းတံတားအား ကာရံထားသော ကွန်ကရစ်တိုင် နှစ်တိုင်ကို ဝင်ရောက်တိုက်မိသဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ ကျော်မင်းထွန်းအား ပေပင်လေး အမြန်လမ်းရဲစခန်းက ယာဉ်(ပ) ၁၀/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ဧရာဝတီမြစ်ရေကြီးမှု ကြိုတင်ပြင်ဆင်ထား

ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၉

ဆင်ပေါင်ဝဲမြို့၏ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်မှာ ၁၉၄၅ စင်တီမီတာ ဖြစ်ပြီး စက်တင်ဘာ ၁၈ ရက် မွန်းတည့် ၁၂ နာရီအချိန်ထိ ရေအမှတ်မှာ ၁၇၆၆ စင်တီမီတာသို့ ရောက်ရှိ မြင့်တက်လာမှုကြောင့် ရေနစ်မြုပ်နိုင်သော ကျွန်းအနောက်စုကျေးရွာမှ နွားကောင်ရေ ၈၉ ကောင်အား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများပါဝင်သော ရေဘေးကယ်ဆယ်ရေးအဖွဲ့သည် စက်တင် ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီခွဲအထိ ကပစ(၁၃)မှ ကနောင် ၄၁၃(၇) ဇက်ရေယာဉ်ဖြင့် အင်းလတ်ကျေးရွာ၊ ထူပေါက်ကျေးရွာနှင့် ဆင်ပေါင်ဝဲမြို့တို့သို့ ကြိုတင်ပြောင်းရွှေ့ရန် ပြင်ဆင်ထားရှိကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

ထပ်ဆင့်အကယ်ဒမီမြင့်မြင့်ခိုင်၏
Supreme Broadway Institute(SBI)
အနုပညာသရုပ်ဆောင်သင်တန်း အပတ်စဉ်(၃)

၁။ သင်တန်း၌ ဝါရင့်သမ္မာရင့်-ရုပ်ရှင်၊ ဗီဒီယိုပညာရှင်များ၊ ဒါရိုက်တာနှင့်သရုပ်ဆောင်များ ကိုယ်တိုင်အထူးသင်ကြားပေးခြင်း။
၂။ သင်တန်းကာလအတွင်း စာတွေ့၊ လက်တွေ့ကွင်းဆင်းရိုက်ကူးခြင်း။
၃။ (က)အဓိကသရုပ်ဆောင်၊(ခ)ဇာတ်ပို့ ဇာတ်ရံပညာနှင့်(ဂ)ဒါရိုက်တာ၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းသင်တန်း
၄။ တေးသီချင်းသီဆိုမှုနှင့် Dancer အကပို့ချခြင်း။
၅။ သင်တန်းကာလအတွင်း၌ (စိမ်း၊ဝါ၊နီ)ရုပ်ရှင်၊ ဗီဒီယိုမှ ထုတ်လုပ်သော ဇာတ်ကားများတွင်ပါဝင်စေရန်အတွက် ရည်ရွယ်ပါသည်။
၆။ အပတ်စဉ်(၁)သင်တန်းသူ/သားများကို စိမ်း၊ ဝါ၊ နီ၊ ဗီဒီယိုထုတ်လုပ်ရေးမှရိုက်ကူးသော(ဒီဇင်ဘာရဲ့ညတစ်ည)ဇာတ်ကားတွင် ရိုက်ကူးပေးပြီးဖြစ်ပါသည်။
* နယ်မှတက်ရောက်လိုသူများအတွက် ကျား/မဘော်ဒါလက်ခံသည်။
ယခုလထဲတွင် စတင်ဖွင့်လှစ်ပါတော့မည်။
လျှောက်လွှာများစတင်ဝယ်ယူနိုင်ပါသည်။

ဝယ်ယူမည့်နေရာ
ရန်ကုန်မှ YMCA - အမှတ်(၂၆၃)၊ မဟာဗန္ဓုလလမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ (၄၅)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း-၂၉၆၀၇၄၊ ၂၉၄၁၂၈၊ ၀၉-၅၀၄၉၁၇၇၊ ၀၉-၇၃၂၄၄၃၄၄၊ ၂၄၉၁၀၉



မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)
တတိယအကြိမ် ဗဟိုဦးစီးအစည်းအဝေး

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏တတိယအကြိမ် ဗဟိုဦးစီးအစည်းအဝေးကို ၂၈-၉-၂၀၁၃ (စနေနေ့) နံနက် ၁၀ နာရီတွင် အမှတ် ၂၄၉၊ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ခန်းမဆောင် (ဘီ)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ဗဟိုဦးစီးအဖွဲ့ဝင်များအား မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)

စီးရီးအေ ရာသီသစ် (၄)

ရှိုင်းမင်းမင်း

စီးရီးအေပွဲစဉ်(၄)ကို စက်တင်ဘာ ၂၁၊ ၂၂၊ ၂၃ ရက်တွေမှာ ကွင်းပသွားဖို့ရှိပြီးရောမဒါတီပွဲစဉ်ဖြစ်တဲ့ ရိုးမားနဲ့ လာဇီယိုဆုံတဲ့ပွဲ၊ အေစီမီလန်နဲ့ နာပိုလီတို့လို အသင်းကြီးနှစ်သင်းဆုံတဲ့ပွဲတွေပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိမယ့် ပွဲစဉ်တစ်ခုဖြစ်လာမှာပါ။

ကယ်ဂလီယာရီ-ဆမ်ဒိုးရီးယား **ည ၁၀း၁၅(၂၁-၉-၂၀၁၃)**

နှစ်ပွဲဆက်တိုက်နိုင်ပွဲပျောက်ခဲ့တဲ့ကယ်ဂလီယာရီခြေပျက်နေပါတယ်။ ဒါပေမယ့်ဆမ်ဒိုးရီးယားကလည်း ကစားပြီးသမျှသုံးပွဲမှာသုံးပွဲစလုံးမနိုင်သေးဘူး။ အထူးသဖြင့်ဆမ်ဒိုးရီးယားကအဝေးကွင်းပွဲတွေမှာ ခြေပိုကျတတ်တာတွေ့ရတယ်။

ချီယေဗို-အူဒီးနီးစ် **ည ၁၀း၁၅(၂၁-၉-၂၀၁၃)**

သုံးပွဲကစားပြီးချိန်မှာနိုင်ပွဲမရသေးတဲ့ချီယေဗိုအနေနဲ့အိမ်ကွင်းမှာနိုင်ပွဲစရဖို့အားစိုက်လာမှာပါ၊ ဒါပေမယ့် အူဒီးနီးစ်ကနှစ်ပွဲဆက်တိုက်အရှုံးမရှိခဲ့ဘဲ ခြေကောင်းနေပါတယ်။

ဆာစူအိုလို-အင်တာ **ညနေ ၅း၀၀ (၂၂-၉-၂၀၁၃)**

သုံးပွဲကစားသုံးပွဲရှုံးထားတဲ့ဆာစူအိုလိုအနေနဲ့အိမ်ကွင်းမှာ ရလဒ်ကောင်းဖို့အားစိုက်လာမှာဖြစ်ပေမယ့် အင်တာမီလန်ကို ပွဲချိန်ပြည့်ထိန်းဖို့မလွယ်ဘူး။ အင်တာမီလန်က ဂျူဗင်တပ်ကိုသရေစားခဲ့တဲ့အပြင် ခြေလည်းကောင်းမွန်နေတယ်။

အတ္တလန္တာ-ဖီယိုရင်တီးနား **ည ၇း၃၀(၂၂-၉-၂၀၁၃)**

ပွဲစဉ်(၃)မှာနိုင်ပွဲပျောက်ခဲ့တဲ့ ဖီယိုရင်တီးနားတို့ နိုင်ပွဲပြန်ပြီးရအောင်အားစိုက်လာမှာပါ၊ အတ္တလန္တာကလည်း ခြေမငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းမှာ ရလဒ်ကောင်းဖို့အားစိုက်လာပါလိမ့်မယ်၊ ဒါကြောင့်ဖီယိုရင်တီးနားအတွက် လွယ်ကူတဲ့ နိုင်ပွဲတစ်ပွဲမဖြစ်နိုင်သလို အခက်အခဲကြားက ကပ်ပြီးအနိုင်ရဖွယ်ရှိပါတယ်။

ဂျူဗင်တပ်-ဗီရိုနာ **ည ၇း၃၀ (၂၂-၉-၂၀၁၃)**

တန်းတက်ဗီရိုနာရဲ့ခြေမဆိုးဘူး။ သုံးပွဲမှာနှစ်ပွဲနိုင်ထားပါတယ်။ ဒါပေမယ့် ဂျူဗင်တပ်ကိုတော့ဂျူဗင်တပ်ကွင်းမှာ တုံ့ပြန်ကစားဖို့မလွယ်ပါဘူး အင်တာမီလန်နဲ့ပွဲမှာသရေကျခဲ့တဲ့အတွက် ဂျူဗင်တပ်တို့နိုင်ပွဲပြန်ရရေး အားစိုက်လာဖို့လည်းရှိပါတယ်။

ရိုးမား-လာဇီယို **ည ၇း၃၀(၂၂-၉-၂၀၁၃)**

ချီယေဗိုကိုနိုင်ခဲ့တဲ့ပွဲမှာလာဇီယိုရဲ့ခြေစွမ်းထက်မြက်မှုရှိပါတယ်။ တိုက်စစ်၊ ခံစစ်မျှတအောင်ကစားနိုင်သလို အသင်းလိုက်ခြေလည်းတည်ငြိမ်ပါတယ်။ ဒါပေမယ့် ရိုးမားရဲ့ခြေကလည်းထိပ်တန်းဖြစ်နေတာကြောင့် လာဇီယိုတို့ ရုန်းကန်းရမှာပါ။ လာဇီယိုအတွက် အမြင့်ဆုံးသရေပါပဲ။

အေစီမီလန်- နာပိုလီ **နံနက် ၁း၁၅ (၂၃-၉-၂၀၁၃)**

အေစီမီလန်ရဲ့ဒီရာသီခြေစွမ်းပိုင်းကအားနည်းနေပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာအမှားခံမှာတော့ မဟုတ်ပါဘူး။ သို့ပေမယ့် သုံးပွဲစလုံးနိုင်ထားပြီး ဇယားထိပ်ဆုံးမှာရှိနေတဲ့ နာပိုလီရဲ့ခြေကလည်း အကောင်းဆုံးဖြစ်နေပါတယ်။

ဘာစီလိုနာ၊ အေစီမီလန်၊ အာဆင်နယ်နှင့် အက်သလက်တီကိုတို့ နိုင်ပွဲရရှိခဲ့ပြီး စိတ်ပျက်ဖွယ်ခြေစွမ်းကြောင့် မော်ရင်ဟို၏ချယ်လ်ဆီးအသင်း ဘေဆယ်ကို ရှုံးနိမ့်ခဲ့ရ

ငွေကြယ်

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)က ကြီးမှူးကျင်းပသော ချန်ပီယံလိဂ်ပြိုင်ပွဲ၏ အုပ်စုပွဲစဉ်(၁)ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာ၊ အေစီမီလန်၊ အာဆင်နယ်၊ အက်သလက်တီကိုနှင့် နာပိုလီတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသော်လည်း ဥရောပ၏ ဝါရင့်နည်းပြတစ်ဦးဖြစ်သည့် မော်ရင်ဟို၏ ချယ်လ်ဆီးမှာမူ စိတ်ပျက်ဖွယ်ခြေစွမ်းများကြောင့် အိမ်ကွင်း၌ယှဉ်ပြိုင်ခဲ့ရသော်လည်း ဆွစ်ဇာလန်ကလပ်ဘေဆယ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ပြီးခဲ့သည့် ဘောလုံးရာသီနှစ်ရာသီက ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်တို့တွင် အောင်မြင်မှုသရဖူများ ဆောင်းနိုင်ခဲ့သည့် ချယ်လ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ဥရောပအောင်မြင်မှုရရှိရန် ယခုနှစ်မှ ခေါ်ယူထားသည့် ဝီလျံနှင့် အီတိုးတို့ကို ဟာဇက်နှင့်အတူ တိုက်စစ်ပိုင်းတွင် အသုံးပြုကာ အိုင်ဗန်နိုဗစ်၊ အက်ရှ်လေကိုးလ်၊ လူးဝစ်ဇ်နှင့် ကာဟေးတို့ကို နောက်တန်းအထိုင်၊ ကွင်းလယ်တွင် လမ်းပတ်နှင့် အော်စကာကို အမာခံထားပြီး ဆွစ်ဇာလန်ချန်ပီယံ ဘေဆယ်အသင်းကို အနိုင်ကစားရန် နည်းပြကြီးမော်ရင်ဟို စီမံခဲ့သော်လည်း ချယ်လ်ဆီးကစားသမားများ၏ ခြေစွမ်းညံ့ဖျင်းမှုကြောင့် ဘေဆယ်ကို ရှုံးနိမ့်ခဲ့သည်။ မော်ရင်ဟိုသည် ဝီလျံ၏နေရာတွင် မာတာကိုလည်းကောင်း၊ လမ်းပတ်၏နေရာတွင် ဒမ်ဘာဘာကိုလည်းကောင်း လူစားလဲကစားခဲ့သော်လည်း ရလဒ်ကောင်းရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ထို့ကြောင့် ဘေဆယ်က ပြီးခဲ့သည့်ရာသီက ယူရိုပါလိဂ်ဆီမီးဖိုင်နယ်တွင် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ရှုံးကြွေးကို ပြန်ဆပ်ခဲ့သည့်အလား ယခုချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၁)အဖွင့်ပွဲတွင် ချယ်လ်ဆီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြခဲ့သည်။ ရှော်ကေးနှင့် စတုအာ့ဘူခါရက်တို့၏ ပွဲစဉ်တွင်မူ ရှော်လ်ကေးက စတုအာ့ ဘူခါရက်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မာဆေးလ်နှင့် အာဆင်နယ်တို့၏ ပွဲစဉ်တွင် အာဆင်နယ်သည် ၁၆ နှစ်ဆက်တိုက်ချန်ပီယံလိဂ်ဝင်ခွင့်ရရှိထားသည့်အသင်းပီပီ အကောင်းမွန်ဆုံးပုံစံဖြင့် ခြေစွမ်းပြကစားကာ ဝဲလ်ကော့နှင့် ရမ်ဆေးတို့၏ သွင်းဂိုးများဖြင့် မာဆေးလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ပထမပိုင်းတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သော်လည်း ၆၅ မိနစ်တွင် ဝဲလ်ကော့နှင့် ၈၄ မိနစ်တွင် ရမ်ဆေးတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ခြင်းကြောင့် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိထားခဲ့သော်လည်း ပွဲကစားချိန်မိနစ် ၉၀ တွင် မာဆေးလ်အသင်း ပင်နယ်တီပြစ်ဒဏ်ဘောကန်ခွင့်ရရှိခဲ့ခြင်းကြောင့် ချေပဂိုးတစ်ဂိုးပြန်ပေးလိုက်ရသည်။ ထို့ကြောင့် ယင်းရလဒ်ဖြင့်ပင် ပွဲပြီးဆုံးခဲ့၍ အာဆင်နယ်အသင်း၏ ချန်ပီယံလိဂ်ဝင်ခွင့်ရတိုင်း အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်သည့်အခွင့်အရေးတစ်ရပ်ရယူနိုင်မည့်ခြေလှမ်းသစ်စတင်နိုင်ခဲ့သည်။

အုပ်စု(G)တွင်မူ ဩစတြီးယားဗီယန်နာနှင့် ပေါ်တိုတို့၏ ပွဲစဉ်တွင် ဂွန်ဇာလက်၏ တစ်လုံးတည်းသောဂိုးဖြင့် ပေါ်တိုက ဩစတြီးယားဗီယန်နာအသင်းကို အနိုင်ရရှိခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်နှင့် ဇင်းနစ်တို့၏ ပွဲစဉ်တွင် အက်သလက်တီကိုမက်ဒရစ်သည် ဒေးဗစ်ဗီလာ၊ အက်ဒရီယန်၊ မာရီယိုဆွာရတ်ဇ်၊ မီရန်ဒါ၊ တူရန်၊ ဘက်တီစတာယို စသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့ပြီး မီရန်ဒါ၊ တူရန်နှင့် ဘက်တီစတာယိုတို့၏ သွင်းဂိုးများဖြင့် ဇင်းနစ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် ဇင်းနစ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုမူ တိုက်စစ်မှူး ဟော့ခ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အုပ်စု(H)၏ ပွဲစဉ်နှစ်ခုအနက်မှ အေစီမီလန်နှင့် ဆဲလ်တစ်တို့၏ ပွဲစဉ်တွင် နည်းပြအယ်လီဂရီသည် ကာကာနှင့် မွန်တိုလီဗိုတို့ ဒဏ်ရာပြဿနာကြုံနေသဖြင့် မပါဝင်နိုင်ခဲ့သော်လည်း ဘာလော့တယ်လီနှင့် မက်ထရီတို့ကို တိုက်စစ်တွင်ထားကာ ၄-၃-၁-၂ ပုံစံဖြင့် ပွဲထွက်ကစားစေခဲ့ရာ ပွဲကစားချိန် ၈၂ မိနစ်တွင် ဆဲလ်တစ်ကစားသမား အီဇာဂူရီ၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသည့်အမှားကြောင့် အေစီမီလန် အဖွင့်ဂိုးရရှိခဲ့ပြီး ၈၆ မိနစ်တွင် မွန်တာရီ၏ သွင်းဂိုးတစ်ဂိုး ထပ်မံရရှိခဲ့ပြီးနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိခဲ့၍ အေစီမီလန်က ဆဲလ်တစ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာနှင့် အိုင်းယက်စ်တို့၏ ပွဲစဉ်တွင် အိမ်ကွင်းနူးကမ့်၌ ယှဉ်ပြိုင်ကစားရသည့် ဘာစီလိုနာအသင်းသည် မက်ဆီ၊ နေမာ၊ ဆန်းချက်ဇ်၊ အင်နီယေစတာ၊ ဖာဘရီဂတ်စ်၊ ဘက်စကွက်၊ မာချီရာနို၊ အက်ဒရီယာနို၊ ပီကေး စသည့်ကစားသမားများဖြင့် ပွဲထွက်လာ ခဲ့ပြီး ဘာစီလိုနာအသင်းအတွက် အားထားရသည့် တိုက်စစ်မှူးမက်ဆီ၏ ဟက်ထရစ်ဂိုးနှင့်အတူ ၆၉ မိနစ်တွင် သွင်းယူပေးခဲ့သည့် ပီကေး၏ သွင်းဂိုးတို့ဖြင့် ဘာစီလိုနာက အိုင်းယက်စ်ကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ်တွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သော မက်ဆီသည် ချန်ပီယံလိဂ်တွင် သွင်းဂိုး ၆၂ ဂိုး အထိ ရှိလာခဲ့ခြင်းနှင့်အတူ လေးကြိမ်မြောက်ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ကစားသမားတစ်ဦးအဖြစ် စံချိန်တင်ခဲ့ပြီဖြစ်သည်။

UNIQUE STAR TRAVELS & TOURS

ဥရောပ(9)နိုင်ငံ + အင်္ဂလန် (16)Days Oct: 18 / Nov:15 / Dec:21 (4,800,000)

အမေရိကား (20)Days Nov: 15 / Dec:21 (7,000,000) ဩစတြေးလျ(10)Days Nov: 16 / Dec:22 (4,000,000)

ဂျပန် (9)Days Oct: 19 / Nov:16 (2,600,000) ကိုရီးယား (9)Days Oct: 18 / Nov:15 (1,900,000)

ပီကင်း (9)Days Oct: 18 / Nov:15 (1,400,000) ဟောင်ကောင်(8)Days Oct: 19 / Nov:16 (1,500,000)

စင်္ကာပူ+မလေးရှား (7)Days Oct: 18 (1,100,000) ခန်ကောက်၊ ပတ္တရား (6)Days Every Sat: (250,000)

No.(05), Ground Floor, Asia Plaza. Ph: 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166

No.(70/A), Kabaaye Pagoda Rd, Kominkochin Ward, Bahan Tsp. Ph: 860 4964, 860 4965, 860 4966, 09 514 8079

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စက်သုံးဆီ(ဒီဇယ်)အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနများရှိ ယာဉ်/ယန္တရားများ အသုံးပြုရန်အတွက် ဒီဇယ်ဆီ ၁၀၀၀၀၀ (တစ်သိန်းဂါလန်)အား အိတ်ဖွင့်တင်ဒါ (Open Tender)ဖြင့် တင်သွင်းနိုင်ပါသည်-

(က) အိတ်ဖွင့်တင်ဒါတင်သွင်းရက် - ၂၀-၉-၂၀၁၃ မှ ၂၆-၉-၂၀၁၃ ထိ

(ခ) အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန် - ၂၆-၉-၂၀၁၃ ရက် မွန်းတည့် ၁၂း၀၀ နာရီ

(ဂ) အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/-အချိန်/နေရာ ၂၆-၉-၂၀၁၃ ရက် ၁၃း၀၀ နာရီ၊ အစည်းအဝေးခန်းမ(၂)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

၂။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ထုတ်ယူနိုင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
စက်ရုံနှင့်မော်တော်ယာဉ်ဌာန
အမှတ်(၆၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉၅၁၆၀၈၃၃

မူးယစ်ဆန့်ကျင်

အောင်ပွဲဆင်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ (၇)ရပ်ကွက်၊ တိုက်အမှတ်(၆၃)၊ ၃လွှာ/ယာ၊ ဧရိယာအကျယ်အဝန်း(၁၈ပေ × ၆၅ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်ဟန်[၁၂/ပဇတ(နိုင်)၀၀၉၂၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအား လွှဲပြောင်းရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသည့် စာချုပ်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်ပါရန် အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်အေးတင့်
အထက်တန်းရှေ့နေ(စဉ်-၁၄၂၁၅)
၃၁၀(က)၊ ဗလ္လိက ၁၂လမ်း၊ ၁၀ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်။
ဖုန်း ၀၉-၃၁၁၂၄၀၅၄၊
၀၉-၅၁၄၃၂၆၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၅၊ မြေကွက်အမှတ်-၂၃၉၊ မြေကွက်တည်နေရာအမှတ်-၂၃၉၊ ၁၃၅ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ (ဦးသိန်းမြင့်) အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးသိန်းမြင့်[၁၂/ဥကမ(နိုင်)၀၇၁၄၈၉]မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၃၂၁)၊ (၂)ခန်းတွဲ (၈)ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ် (တိုက်ရှေ့မျက်နှာမူလျှင်ညာ)(၁၂ပေခွဲ×ပေ၅၀)ရှိ တိုက်ခန်းနှင့်ကြိုးဖုန်းနံပါတ် (၀၁-၅၀၅၆၂၉) တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့် တိုက်ခန်းနှင့် ကြိုးဖုန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စန်းစန်းဝင်း(BRE/128023) [၁၂/လမတ(နိုင်)၀၁၄၉၁၅]ထံမှဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းတို့နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရာက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးဘုမောင်**(LL.B)**(စဉ်-၂၂၇၄၇)၊ ဦးအောင်ဖြိုးလတ်**(LL.B)**(စဉ်-၃၃၀၆၃)

'လင်း'အိမ်၊ ခြံ၊ မြေ တိုက်ခန်းအကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

တောင်ကြီး စက်တင်ဘာ ၁၉

ရှမ်းပြည်နယ် တောင်ကြီးမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက သတင်းအရသက်သေများနှင့်အတူ နမ့်စန်မြို့နယ် ဝမ်နောင်ကျေးရွာအုပ်စု ဝမ်ပုံးကျေးရွာနေ အိုက်စာလိန်(၃၇)နှစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ အိုက်စာလိန်နှင့် ဇနီးဖြစ်သူ မနန်းခေါင်(၃၀)နှစ်၊ မိုးနဲ မြို့နယ် နောင်ဆိုင်းကျေးရွာနေ အောင်မျိုး (၃၀)နှစ်တို့ သုံးဦးအား နေအိမ်ဧည့်ခန်းတွင်တွေ့ရှိရပြီး ၎င်းတို့အနီးမှ အဝါရောင်ပလတ်စတစ်အိတ်အတွင်း အဖြူရောင်ပလတ်စတစ်ဖြင့်ပတ်လျက် မိုင်းကိုင်စက္ကူဖြင့်ထုပ်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပြားစီပါ အထုပ်ခြောက်ထုပ်၊ ၁၈၃ ပြားပါအထုပ်တစ်ထုပ် စုစုပေါင်း ဆေးပြား ၁၃၈၃ ပြား (အလေးချိန် ၁၃၈ ဒသမ ၃ ဂရမ်)တန်ဖိုးငွေကျပ် ၅၅၃၂၀၀၀၊ နေအိမ်ဘေးတွင်ရပ်တန့်ထားသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင် အသုံးပြုသော ၆ခ/. . . . နံ့သာရောင် Tiger Hilux မော်တော်ယာဉ်တစ်စီးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိုက်စာလိန်၊ မနန်းခေါင်နှင့် အောင်မျိုးတို့သုံးဦးအား နမ့်စန်နယ်မြေရဲစခန်းက မယ(ပ)၃၂/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။**(အပေါ်ယာပုံ)**

အလားတူပင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ပါခုတ်စစ်ဆေးရေးဂိတ်ရှောင်ကွင်းလမ်းတွင် စက်တင်ဘာ ၁၆ ရက် ည ၇ နာရီခွဲက ယာဉ်များအား စစ်ဆေးနေစဉ် ဝမ်ပုံဘက်မှမောင်းနှင်လာသော ၄ဂ/. . . ပါဂျဲရိုးမော်တော်ယာဉ်မှာ နောက်ပြန်လှည့်မောင်းနှင်သွားသဖြင့် လိုက်လံဖမ်းဆီးရာ ယာဉ်ပေါ်ပါသူ နှစ်ဦးမှ ယာဉ်အားရပ်တန့်ပြီး လမ်း၏ဝဲဘက်ရှိ ရော်ဘာတောအတွင်းသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် ယာဉ်အားရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ ယာဉ်နောက်ခန်းရှိ ဆာလာအိတ် နှစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၉၆၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် တာချီလိတ်မြို့မရဲစခန်းက မယ(ပ)၁၁၆/၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားပြီး ထွက်ပြေးတိမ်းရှောင်နေသူများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာဉ်ကို ခဲဖြင့် ပေါက်သူ အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၅၃/၅-၆)အကြားတွင် စက်တင်ဘာ ၁၇ ရက်က မန္တလေးမှ တံတားဦးဘက်သို့ မျိုးကိုကိုမောင်းနှင်လာသည့် ၉ယ/. . . ဘီဘီခဲရောင်ယာဉ်နှင့် ကျော်သူရမောင်းနှင်လာသည့် ၆ယ/. . . အာရ်အေဗွီအဖြူရောင်ယာဉ်တို့ကို တကောင်းမြို့နယ် လေးမျက်နှာဘုရား အနောက်ဘက်မုခ်နေ ကျော်မင်းလတ်(၁၈)နှစ်က ခဲဖြင့်ပေါက်ခဲ့သောကြောင့် ကျော်မင်းလတ်အား စကားအင်းအမြန်လမ်း ရဲစခန်းက ယာဉ်(ပ)၁၈/၂၀၁၃၊ပြစ်မှုပုဒ်မ ၂၇၉-က/၄၄၀ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲ ပြန် ကြား

ပွဲချင်းပြီးသေသောယာဉ်တိုက်မှု

ပဲခူး စက်တင်ဘာ ၁၉

ပဲခူးမြို့လယ်မင်းလမ်းမ ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင်အမှတ် ၅၀/၁ အနီး ၁၀ မိနစ်ဂိတ် နာရီစင်အနီးတွင် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ယာဉ်မောင်း ငြိမ်းချမ်းမောင်မောင် အသက်(၃၁)နှစ် ရှမ်းပွဲရပ် မြစ်သားမြို့ မန္တလေးတိုင်းဒေသကြီး နေသူမောင်းနှင်လာသည့်ယာဉ်အမှတ် ၂ခ/---NISAN COUNTER ကုန်တင်နက်ပြာရောင် ခြောက်ဘီးယာဉ်က လမ်း၏အရှေ့ဘက်မှ အနောက်ဘက်သို့လမ်းဖြတ် ကူးသော ဦးမဲ အသက်(၅၀)နှစ်အား တိုက်မိ၍ လွင့်စဉ်ပြန်အကျတွင် ကားဘီးဖြင့် ကြိတ်မိသဖြင့် ဦးမဲမှာ အခင်းဖြစ်နေရာ၌ ပွဲချင်းပြီးသေဆုံးသွားခဲ့ကြောင်း သိရသည်။

(မင်းစစ်သူ)

မလှိုင်တွင် ကလေးငယ်နှစ်ဦးရေနစ်သေဆုံးမှုဖြစ်ပွား

မိတ္ထီလာ စက်တင်ဘာ ၁၉

မိတ္ထီလာခရိုင် မလှိုင်မြို့ ဒဟတ္တန်းမြောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်းရေကန်တွင် စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီခွဲခန့်က ကလေးငယ်နှစ်ဦးရေနစ်သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ဒဟတ္တန်းမြောက်ရွာနေ သူငယ်တန်းကျောင်းသားများဖြစ်ကြသည့် မောင်မြင့်မြတ်ကျော်(၆)နှစ်(ဘ)ဦးကံမြင့်နှင့်မောင်အောင်အောင်(၆)နှစ်(ဘ)ဦးသံလှိုင်တို့သည် စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီခွဲက ဒဟတ္တန်းမြောက်ရွာ မူလတန်းကျောင်းမှ ကျောင်းဆင်းပြီး နေအိမ်သို့ ပြန်လည်ရောက်ရှိခြင်းမရှိ၍ လိုက်လံရှာဖွေခဲ့ရာ ည ၉ နာရီခွဲတွင် မောင်မြင့်မြတ်ကျော်အား ဘုန်းကြီးကျောင်းရေကန်စပ်တွင် သေဆုံးနေသည်ကို တွေ့ရှိရပြီး စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် ရေကန်အတွင်း ရေငုပ်ဆင်း၍ ရှာဖွေရာ မောင်အောင်အောင်၏အလောင်းအား ဆယ်ယူရရှိခဲ့ကြောင်း သိရသည်။ အဆိုပါရေနစ်သေဆုံးမှုအား သေမှုသေခင်း အမှတ် ၄/၂၀၁၃ ဖြင့် မလှိုင်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၇၉)**

KONYAN ကိုညန်
CAR RENTAL, SALE & SERVICES
01-551649, 209183, 09-420085992

ပိုင်ရှင်ထံမှငှား/ဝယ်လို
လုံးချင်းခြံနှင့် အိမ် / တိုက်ခန်း မြေ ညီထပ် ကျယ်ပြန့်ပြီး ရန်ကုန်-အင်းစိန်လမ်းမ ကားမှတ် တိုင်အနီး
ဖုန်း ၀၉ ၂၅၅ ၇၀၀ ၂၄၂

ပျောက်ဆုံး

ကျွန်တော်ဦးလှမြင့် [၁၄/ပသန(နိုင်) ၀၄၀ ၇၆၀]၏ ရန်ကုန်မြို့၊ မြောက်ဒဂုံ၊ မဟာမြိုင်အိမ်ရာ၊ တိုက် 20 H-2 ၏ တိုက်ခန်းလွှဲပြောင်းမှုရင်းစာရွက်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉၄၃၀၇၃၁၉၄

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မျိုးအောင်၏ PP M94 4216 နှင့် CDC-59379 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၂၄၅၇၉**

ပြောင်းလဲခေါ်ပါရန်

ဦးခိုင်မြင့်၏သမီး မင်္ဂလာဒုံမြို့နယ်၊ အထက (၂) အောင်ဆန်းသူရိယလှသောင်းကျောင်း တက္ကသိုလ်ဝင်တန်း(E)မှ မသူဇာမြင့်အား မသွန်းထက်စံဟု ပြောင်းလဲခေါ်ပါရန်။

မသွန်းထက်စံ

အများသိစေရန်

John Lwin ဦးစီးသော Stars & Models Int'L Co., Ltd. မှ

MYANMAR FASHION WEEK (၄/၇၃၁၃/၂၀၁၃)
MYANMAR INT'L FASHION WEEK (၄/၇၃၁၂/၂၀၁၃)
YANGON FASHION WEEK (၄/၉၅၂၇/၂၀၁၃)
YANGON INT'L FASHION WEEK (၄/၉၅၃၀/၂၀၁၃)
AYEYARWADY FASHION WEEK (၄/၉၅၂၉/၂၀၁၃)
AYEYARWADY INT'L FASHION WEEK (၄/၉၅၃၁/၂၀၁၃)
MANDALAY FASHION WEEK (၄/၉၅၂၈/၂၀၁၃)

ဖော်ပြပါ ဝန်ဆောင်မှု လုပ်ငန်းတံဆိပ် အမည်အမှတ်အသားများကို အသုံးပြု၍ ပြည်တွင်း ပြည်ပမှ Designer များမှ ပြုလုပ်သော အဝတ်အထည်များ၊ ထုတ်ကုန်ပစ္စည်းများ၊ Sponsor ပေးသော ထုတ်ကုန် ပစ္စည်းများ၊ အလှကုန် ပစ္စည်းများ၊ ရတနာ ပစ္စည်းများဖြင့် Fashion ပြပွဲများကို ကြီးကျယ် ခမ်းနားစွာ ပြုလုပ်မည် ဖြစ်ပါသည်။

ယင်း Fashion ပြပွဲများတွင် ဝန်ဆောင်မှု လုပ်ငန်း တံဆိပ် အမှတ်အသား များကို သတင်းမီဒီယာများ၊ ရုပ်သံ ကြော်ငြာများ၊ Internet၊ Website များ၊ ကြော်ငြာဘုတ်များတွင် အရွယ်အစား အမျိုးမျိုး၊ အရောင် အမျိုးမျိုးဖြင့် ကြော်ငြာမည့် အပြင် လက်ကမ်းစာစောင်များ၊ လက်မှတ်များ၊ လူအသုံးအဆောင်ပစ္စည်းများတွင် ရိုက်နှိပ်၍ ကပ်နှိပ်၍ အသုံးပြုသွားပါမည်။

(၂၀၁၃)ခုနှစ်၊ ဇန်နဝါရီလ တွင်လည်း ဖော်ပြပါဝန်ဆောင်မှု လုပ်ငန်းတံဆိပ် အမည်အမှတ်အသား များကို အသုံးပြု၍ Fashion Show ပွဲများအား ကြီးကျယ်ခမ်းနားစွာ ပြုလုပ်မည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးသန်းအေး (B.Ag, H.G.P)
အထက်တန်းရှေ့နေ (စဉ် - ၁၂၅၉၅)
အမှတ် (၅၀)၊ အခန်း (မြေ - ၅)၊
ဘိုတာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

John Lwin ဦးစီးသော Stars & Models Int'L Co., Ltd. မှ

MYANMAR INT'L FASHION WEEK 2012

ဖော်ပြပါ ဝန်ဆောင်မှု လုပ်ငန်းတံဆိပ် အမည်အမှတ်အသားများဖြင့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆၊ ၁၇၊ ၁၈ ရက်များတွင် Junction Square Shopping Center ၌ ကြီးကျယ်ခမ်းနားစွာ ပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးတင်မောင်လွင် (ခ) ဉာဏ်လွင်
(၁၂/မရက (နိုင်) ၁၀၅၈၀၄)
အမှတ် (၁၈)၊ ဆောင်းမင်္ဂလာလမ်းသွယ်၊
ဆောင်းသီရိရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။

ပြည်တွင်းရေးရာ



ရွှေကြက်ယက်ကျေးရွာ ရေဘေးသင့်ပြည်သူများအား စိတ္တသုခပရဟိတလူငယ်များက ထမင်းထုပ်နှင့်ရေသန့်လှူ

အမရပူရ စက်တင်ဘာ ၁၉

စိတ္တသုခပရဟိတလူငယ်များက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ ရေဘေးသင့်မိသားစုများအား စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ထမင်းထုပ်နှင့်ရေသန့်များသွားရောက်လှူဒါန်းကြသည်။ မန္တလေး-စစ်ကိုင်းလမ်းဘေးသို့ ပြောင်းရွှေ့နေထိုင်ကြသော အဆိုပါ ရေဘေးသင့်မိသားစုများအား စိတ္တသုခပရဟိတလူငယ်များသည် ထမင်းထုပ်နှင့်ရေသန့်များအား ကိုယ်တိုင်ကိုယ်ကျသွားရောက်လှူဒါန်းကြရာ အမရပူရမြို့နယ် မြို့နယ်ကြက်ခြေနီတပ်ရင်းမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကူညီပေးကြပြီး အုပ်ချုပ်ရေးမှူးကလည်း စနစ်တကျလှူဒါန်းနိုင်ရေးအတွက် အကူအညီပေးခဲ့သည်။

"ရွှေကြက်ယက်ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း ၂၄ ရွာရှိပါတယ်။ သုံးပုံနှစ်ပုံလောက်က ရွာတွေထဲ ရေဝင်လို့ စစ်ကိုင်း-မန္တလေးလမ်းဘေးနဲ့ ရေလွတ်တဲ့ဘုန်းကြီးကျောင်းတွေမှာ နေကြပါတယ်။ ကယ်ဆယ်ရေးစခန်းတော့ ဖွင့်မထားပါဘူး။ ထမင်းထုပ်လာဝေတာလည်း အခု စိတ္တသုခပရဟိတလူငယ်တွေလာလှူဒါန်းတာ ပထမဆုံးပဲဖြစ်ပါတယ်"ဟု အရေးပေါ်ကယ်ဆယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရွှေကြက်ယက်ကျေးရွာအုပ်စုတွင် ကျေးရွာ ၂၄ ရွာရှိရာ ရွှေလေးရွာမ၊ မိုးကောင်း၊ ကွက်သစ်(၁)၊ (၂)၊ (၃)၊ ခြောက်သွေးသောက်၊ ကံထော်၊ တိုက်စိုး၊ ကတ္တီပါ၊ ယက္ကန်တော်၊ နန်းမတော်၊ ပတ္တမြား၊ စံရွှေ၊ အိမ်မြင့်၊ ရွာသစ် အစရှိသော ကျေးရွာများမှ နေအိမ်များသို့ ရေဝင်ရောက်နေ၍ ရေလွတ်ရာသို့ပြောင်းရွှေ့နေကြရပြီး ကျေးရွာအချို့မှာ နှစ်စဉ်ရေဝင်သဖြင့် စစ်ကိုင်း-မန္တလေးလမ်းမပေါ်တွင် ပြောင်းရွှေ့ နေထိုင်လေ့ရှိကြရကာ တကူးတကလာရောက်လှူဒါန်းသူများနည်းပါးသည်။ ယခုနှစ်တွင် ရေဝင်သည့်ကျေးရွာ ပိုမိုများပြားသဖြင့် ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြမှုမှာ များပြားနေပြီး ရေနှင့် အစားအသောက်များ လိုအပ်လျက်ရှိသည်ကို ရေဘေးသင့်မိသားစုဝင်များ၏ ပြောပြချက်အရ သိရသည်။

စိတ္တသုခပရဟိတလူငယ်များက ရေဘေးသင့်မိသားစုအတွက် လိုအပ်သည့်ရေသန့်နှင့်ထမင်းထုပ်များကို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

(၀၀၂)

မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီး စိန်ရတုသဘင်ကျင်းပမည်

မုံရွာ စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီး၏ ခုနစ်ဆယ့်ငါးနှစ်မြောက် စိန်ရတုသဘင်ကို လာမည့်နှစ်တွင် ခမ်းနားစွာကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါကျောင်းတိုက်၏ နာယကဆရာတော် အရှင်သုမနက မိန့်ကြားသည်။ "ဘုန်းဘုန်းတို့ လာမယ့် ၂၀၁၄ ခုနှစ် တန်ဆောင်မုန်းလမှာ ပွဲတော်ကျင်းပဖို့ ရည်ရွယ်ထားတယ်။ ပင့်သံဃာတွေကို လှူဖွယ်ပစ္စည်းမျိုးစုံကပ်လှူမယ့်အပြင် အခြားတရားပွဲနဲ့ အထိမ်းအမှတ်အခမ်းအနားတွေပြုလုပ်သွားဖို့ စီစဉ်ထားတယ်"ဟု ဆရာတော်က မိန့်ကြားသည်။ ထို့ပြင် စိန်ရတုအထိမ်းအမှတ်စာစောင်နှင့် ပြက္ခဒိန်ကိုပါ ထုတ်ဝေရန် စီစဉ်ထားကြောင်း သိရသည်။ စိန်ရတုပွဲတော်ကို မိုးညှင်းသမ္ဗုဒ္ဓေဘုရားကြီး ပွဲတော်မတိုင်မီ ရက်ပိုင်းအတွင်း ကျင်းပမည်ဖြစ်သောကြောင့် လာမည့်နှစ်ဘုရားပွဲတော်သည် အခြားနှစ်များနှင့်မတူ ပိုမိုစည်ကားမည်ဖြစ်သည်။

မိုးညှင်း သမ္ဗုဒ္ဓေဘုရားကြီးကို ဒုတိယကမ္ဘာစစ်အတွင်း မြန်မာသက္ကရာဇ် ၁၃၀၁ ခုနှစ်တွင် စတင်တည်ထားခဲ့ရာ လာမည့် ၁၃၇၆ ခုနှစ်တွင် (၇၅) နှစ်ပြည့်မြောက်မည်ဖြစ်သည်။ ဘုရားကြီးတည်ဆောက်ချိန်မှာ အနှစ် ၂၀ ကျော်ကြာမြင့်ခဲ့ပြီး ထင်ရှားသည့် ဗိသုကာလက်ရာကြောင့် မြန်မာတွင်သာမက ကမ္ဘာတွင်ပါ ထင်ရှားကျော်ကြားသော ဘုရားကြီးဖြစ်သည်။ ဘုရားကြီးတွင် ရုပ်ပွားတော်စေတီပေါင်း ၅၈၂၃၆၃ ဆူ ကိန်းဝပ်စံပယ်ပြီး နေ့စဉ်နှင့်အမျှ ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ကြကြောင်း သိရသည်။

စိန်ရတုသဘင် ပွဲတော်အတွက် ယခုအခါ စေတီများနှင့် ရုပ်ပွားတော်များအား ပြန်လည်ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**ကိုထွန်း(အိုင်တီ)**

စဥ့်ကိုင်မြို့နယ်တွင် လယ်စောင့်တဲအိမ်မိုးကြိုးပစ်ခံရ၍ မီးလောင်

စဥ့်ကိုင် စက်တင်ဘာ ၁၉

စဥ့်ကိုင်မြို့နယ် မုံပင်ကျေးရွာအုပ်စု ကံကြီးကျေးရွာမြောက်ဘက် ဒေါင့်ကြီးကွေ့ ကွင်းအမှတ်(၄၀-င)တွင် နေထိုင်သူ တောင်သူဦးကျော်ဌေး၏ လယ်စောင့်တဲအား စက်တင်ဘာ ၁၃ ရက် ညနေ ၄ နာရီခန့်တွင် မိုးရွာသွန်းစဉ် မိုးကြိုးပစ်ရာမှ တဲအိမ်နှင့် တဲအိမ်အတွင်းရှိပစ္စည်းများ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

(ထွန်းထွန်းနိုင်)

အစိုးရ/စီးပွားရေးကြော်ငြာ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က)	**စာတိုက်လုပ်ငန်းသုံးပုံစံ**	**(၄၀)မျိုး**
	MO-1 (S) , MO-2 (S) , MO -15, MO-16, MO-18, etc...	
(ခ)	**စာတိုက်လုပ်ငန်းသုံးပစ္စည်း**	**(၄)မျိုး**
	(၁) ချည်ကျစ်ကြိုး(၁၂ ပင်လိမ်)	၅၀၀၀၀-ပေါင်
	(၂) ဂုန်နီကြိုး	၄၂၀၀ ပေါင်
	(၃) Plastic Seal	၁၂၁၅၀၀-ခု
	(၄) Tag Label (3.5"×2")	၁၄၄၅၀၀-ခု
(ဂ)	**စက်ပစ္စည်း**	**(၅)မျိုး**
	(၁)Drill Machine	၂ ခု
	(၂)DOL Starter	၁ စုံ
	(၃)Electric Meter	၁ ခု
	(၄)200 AMP Breaker (3-Phase) (Thailand)	၁ ခု
	(၅)Auto Senser (ဂျာမနီ)	၂ ခု

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၄-၁၀-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့် အချိန်ထက် ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၁- ၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး
မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူများသိရှိရန် အသိပေးကြေညာခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး မန်နေဂျာရုံးမှ မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူများအတွက် ဆက်သွယ်မှုအခက်အခဲလိုအပ်ချက်များအား အများပြည်သူလူထုမှလာရောက်ပြောကြားခြင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခြင်းများ ဆောင်ရွက်ပေးနိုင်ရန် Mobile Complaint Center ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။

တည်နေရာ -ရန်ကုန်တိုင်းဒေသကြီး မန်နေဂျာရုံး၊ ဗိုလ်အောင်ကျော်လမ်းနှင့် ကမ်းနားလမ်းထောင့်၊ စာတိုက်ကြီးအပေါ်ဆုံးထပ်၊

ဆက်သွယ်ရန်ဖုန်း -၀၁-၂၉၁၅၅၅

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၄)၊ မြေကွက်အမှတ်(၁၀၇၀) ဒေါ်တင်တင်သိန်း[၁၂/မဂတ (နိုင်) ၀၃၂၈၁၄]အမည်ပေါက် နှစ်(၆၀)ဂရန်၊ မြေအကျယ်အဝန်း (၄၀'× ၆၀')ထဲမှ (ခေါင်းရင်းဘက်အခြမ်း) (၂၀'× ၆၀') အရပ်ခေါ်- အမှတ်(၁၀၇၀)၊ သုခလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အဆောက်အအုံမြေကွက်နှင့်ပတ်သက်၍- ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ မြေကွက်နှင့်ပတ်သက်၍ ဒေါ်စန်းရီ[၁၂/သဃက(နိုင်)၀၁၇၅၆၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူပိုင်ဆိုင်ပြီး လက်ဝယ်ရရှိပြီးဖြစ်ပါသည်။ အမည်ပေါက်ပြောင်းလဲရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးနိုင်ထွန်းလင်း(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ၊ ဖူးပွင့်စံစာချုပ်စာတမ်းနှင့် ဥပဒေအတိုင်ပင်ခံ
အမှတ်- ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၃၁၁၁၆၄၄၄

စာရေးဆရာဆန်းပြောင်းပြန်ကျမ်းပြုပညာရှင်

ဆရာအဏ္ဏဝါအောင်မြင့်မော် ရေးသားပြုစုသော ထူးခြားဆန်းပြား မဟာဘုတ် ဗေဒင်ကျမ်းစာအုပ်များကို ပန်းဆိုးတန်းလမ်းရှိ စာအုပ်ဆိုင်ကြီးများတွင် ရောင်းချပေးနေပါပြီ။

သင်တန်းသူ/သား ခေါ်ယူခြင်း

သင်တန်းသား (၅) ဦးသာ လက်ခံပါသည်။

ဖုန်း-၀၉-၄၂၀၃၁၂၃၂၀၊ ၀၉-၇၃၀၁၀၅၈၀

အမည်မှန်

ကျွန်မ ဒေါ်ဝင်းဝင်းသန်း မှတ်ပုံတင်အမှတ် [၁၂/တမန(နိုင်)၀၂၆၁၀၉] အဘ ဦးကြည်၏ သမီးအား ဒေါ်ဝင်းဝင်းသန်း(ခ) ဒေါ်ဝင်းသန်းဟု ခေါ်ပါရန်။

ပျောက်ဆုံးကြောင်း

ဦးသုဇာတ[၁၂/ရကန(သ)၀၀၂၅၉၁]၏ ပတ်စ်(ပို့)နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် အကြောင်းကြားအပ်ပါသည်။

ဖုန်း-၀၉-၇၃၁၀၄၆၈၈

လုံခြုံရေးအကြောင်းပြပြီးငွေတောင်းခံခြင်းမပြုရ

မန္တလေး စက်တင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးက "လုံခြုံရေးအကြောင်းပြစစ်ဆေး၍ ငွေကြေးတောင်းခံခြင်းကိစ္စဖြစ်ပွားလာပါက ဖြစ်ပွားသည့်နေရာ၊ နေ့ရက်၊ အချိန်၊ မော်တော်ယာဉ်နံပါတ်နှင့်အတူနစ်နာသူ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် မှန်မှန်ကန်ကန်တိုင်ကြားလာပါက အမြန်ဆုံးစုံစမ်းစစ်ဆေးပြီး မှန်ကန်မှုရှိကြောင်း စစ်ဆေးပေါ်ပေါက်လျှင် ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးပြေဝင်း၏ မန္တလေးမြို့မှနယ်မြို့များသို့ ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ စစ်ဆေးမှုနှင့်ပတ်သက်၍ ငွေကြေးတောင်းခံခြင်းများရှိခြင်းကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ် ဖြေကြားသွားခြင်းဖြစ်ပြီး"လုံခြုံရေးအဖွဲ့ဝင်များအနေဖြင့် ငွေကြေးတောင်းခံသူများရှိပါက နစ်နာသူမှတိုင်ကြားခွင့်ရှိ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် အထက်ပါဖြစ်စဉ်မျိုးဖြစ်ပွားမှုကို ကြားသိရပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသို့ဖြစ်စေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ဖြစ်စေ ဆက်သွယ်သတင်းပေးပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်မေတ္တာရပ်ခံကြောင်း" ဖြင့်လည်း ထည့်သွင်းဖြေကြားသွားသည်။

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်း ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်များအားမလိုအပ်ဘဲ တားဆီးခြင်း၊ စစ်ဆေးဆောင်ရွက်ခြင်း၊ ပိတ်ဆို့ရှာဖွေခြင်းတို့အတွက် စစ်ဆေးရေးဂိတ်များထားရှိခြင်းမရှိဘဲ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းအဖွဲ့များဖြင့်သာ နယ်မြေအတွင်း စိုးမိုးဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးနှင့်အခြားကိစ္စများအတွက် လိုအပ်ချက်အရ စစ်ဆေးဆောင်ရွက်မှုများရှိပါက ငွေကြေးတောင်းခံခြင်းများမရှိစေရေးအတွက် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာနှင့် ဇရပ်ကွင်းကျေးရွာတို့တွင် တရားမဝင် သစ်ကားများ ဖြတ်သန်းသွားလာနေကြောင်း သတင်းရရှိမှုအပေါ် မူတည်၍ အဖွဲ့စုံဖြင့် စစ်ဆေးမှုများရှိခဲ့ပြီး တရားမဝင်သစ်ကားများ ဖမ်းဆီးရမိမှုများရှိခဲ့ကြောင်း သိရသည်။

ဒီစီအီး(မန္တလေး)

အစိုးရ/စီးပွားရေးကြော်ငြာ

ပခုက္ကူဒေသတွင် မသန့်ရှင်းသောကန်ရေများကို ယနေ့တိုင်အားထားသုံးစွဲနေဆဲ

ပခုက္ကူ စက်တင်ဘာ ၁၉

ပခုက္ကူခရိုင် မြိုင်-ရေစကြိုဒေသများရှိ ကျေးလက်နေပြည်သူများသည်ယနေ့ထက်တိုင် ကန်ရေကိုသာအားထား သောက်သုံးနေရကြောင်း ဒေသခံများထံမှ သိရသည်။ကန်ရေကို အားထားသောက်သုံးနေရသည့် မြိုင်-ရေစကြို-ပခုက္ကူနယ်များတွင် ပူပြင်းသည့် ဧပြီ၊ မေလတွင် ကန်ရေများခန်းခြောက်၍ရေအတွက် ဒုက္ခရောက်ကြရသည်။"မိုးရာသီမှာရွာသွန်းတဲ့ မိုးရေကိုပိတ်ပြီး လှောင်ထားတဲ့ရေပါ၊ တစ်နှစ်လုံးခံတဲ့ကန်ကရှားပါတယ်ဟု"မီးသွေးကန်ရွာသားတစ်ဦးက ပြောသည်။

ယမန်နှစ်မှစ၍မိုးခေါင်လာသောကြောင့် မိုးတွင်း၌ပင် ကန်ရေမရှိ၍ ရေအတွက် အခက်တွေ့နေရသော ကျေးရွာများစွာရှိနေကြောင်း သိရသည်။"နိုင်ငံတော်က စက်ရေတွင်းတွေ တူးပေးပါတယ်၊ ဒါပေမဲ့ထွက်လာတဲ့ ရေကရေငန်နေတာရယ်၊ ထုံးကျောက်များနေတာရယ် စက်ပျက်သွားရင်လည်း ရေအတွက် ဒုက္ခရောက်ကြရတာပါပဲ"ဟု ပခုက္ကူနှင့် ၁၀ မိုင်ခန့်ဝေးသော ကျောက်ဖူးရွာသား တစ်ဦးက ပြောသည်။စက်ရေတွင်းမရှိမှု၊ ပျက်မှုအပြင် ကန်ရေပါခြောက်ခန်းနေသော ရွာများကို ပခုက္ကူ-မြိုင်-ရေစကြိုလူမှုရေးအဖွဲ့များက နှစ်စဉ် သောက်သုံးရေများသွားရောက်လှူဒါန်းနေရသည်ဟု သိရသည်။မြိုင်-ရေစကြို-ပခုက္ကူကျေးလက်ဒေသများတွင် အုတ်ကန်ကြီးများဖြင့် မိုးရေကိုသိုလှောင်ကြရသည်။ကန်ရေကိုကျွဲ၊ နွားတိရစ္ဆာန်တို့အား တိုက်ကျွေးကြရသည်။ ရွာသားအများစုသည် ငွေကြေးပေးပြီးဝယ်ယူရသော စက်ရေတွင်းရေကိုသုံးစွဲခြင်း အားနည်းနေဆဲဖြစ်သည်။ ကျန်းမာရေးနှင့်မညီညွတ်သောရေကိုသာ သောက်သုံးမှုများပြားလျက်ရှိသည်။"မိုးခေါင်တဲ့အခါ မိုးရေမရှိရင် ကျွဲ၊ နွားသောက်တဲ့ကန်ရေကိုပဲ သောက်ကြရတာပေါ့ဗျာ၊ ကျန်းမာရေးနဲ့ညီညွတ်လားတော့မသိဘူး၊ ရေအသက်တစ်မနက်ဆိုသလိုရေကတော့ သောက်ရမှာပါပဲဗျာ"ဟု မြောက်လူးကန်သားတစ်ဦးက ပြောသည်။ယခုနှစ်တွင် မိုးခေါင်နေသောကြောင့် ကန်များတွင် ရေမရရှိဘဲ စက်ရေတွင်းရှိသော ရွာများသို့ အချိန်ပေး၍ သွားရောက် ဝယ်ယူသုံးစွဲနေရကြောင်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

သုံးခွ – ရန်ကုန်မော်တော်ယာဉ် ကားဂိတ်ပြောင်းရွှေ့

သုံးခွ စက်တင်ဘာ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ မြို့မဈေးနှင့်ဈေးကန်ရှေ့ရှိ သုံးခွ-ရန်ကုန်မော်တော်ယာဉ် မှန်လုံကားဂိတ်အား အမှတ် (၉) ရပ်ကွက် အောင်ဇေယျလမ်းမကြီးဘေးရှိ တိုက်တန်းလျားရှေ့သို့ လည်းကောင်း၊ သုံးခွ-သန်လျင်ဟိုင်းလတ်နှင့် သုံးခွ-ရန်ကုန်(Taxi)ယာဉ်ငယ်ကားဂိတ်အား အမှတ်(၄) ရပ်ကွက် အောင်ဇေယျလမ်းရှိ ခရမ်းကားလေးဂိတ်သို့လည်းကောင်း စက်တင်ဘာ ၁၅ ရက်မှစ၍ ရွှေ့ပြောင်းခဲ့သည်။

တောင်ပိုင်းခရိုင်ယာဉ်လိုင်းဌာနခွဲ (၄) သုံးခွ-ရန်ကုန်(မထသ)နှင့် ရွှေရန်ကုန်မှန်လုံယာဉ် (၂) လိုင်းမှ ယာဉ် ၃၉ စီးဖြင့် တစ်ဦးလျှင် ကျပ်၃၅၀ နှုန်း ၊(Taxi)ယာဉ်ငယ်လိုင်းမှ ယာဉ် ၃၅ စီးဖြင့် တစ်ဦးလျှင် ကျပ်၂၅၀၀ နှုန်းဖြင့် ရန်ကုန်(အေဘီစီ) ဂိတ်သို့ ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရန် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ ၎င်းအပြင် သုံးခွ-သန်လျင်ဟိုင်းလတ်ယာဉ်လိုင်းမှ သန်လျင်မြို့မဈေးရှေ့သို့ ပြေးဆွဲလျက်ရှိသည်။

ယခုကဲ့သို့ မော်တော်ယာဉ်ကားဂိတ်များ ပြောင်းရွှေ့ရခြင်းမှာ ယာဉ်စီးရေများပြားလာသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုကင်းဝေးရေး၊ အများပြည်သူယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မြို့မဈေးကန်သန့်ရှင်းသာယာလှပစေရေးရည် ရွယ်၍ ပြောင်းရွှေ့ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကိုကျော်(သုံးခွ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

LL.M ဘွဲ့ရအလုပ်လျှောက်ထားသူများအတွက် အလုပ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲများ ကျင်းပမည့်ရက်ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများတွင် LL.M ဘွဲ့ရ အလုပ်လျှောက်ထားလာသူများအားလုံးသည် အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စဉ်	ဖြေဆိုမည့် ဘာသာရပ်	နေ့ရက်	အချိန်	နေရာ
(က)	English	၅-၁၀-၂၀၁၃ (စနေနေ့)	နံနက်(၉း၀၀)နာရီမှ(၁၂း၀၀)နာရီထိ	အထက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (မန္တလေးနည်းပညာတက္ကသိုလ်)၊
(ခ)	သက်ဆိုင်ရာ ဘာသာရပ်	၆-၁၀-၂၀၁၃ (တနင်္ဂနွေနေ့)	နံနက်(၉း၀၀)နာရီမှ (၁၂း၀၀)နာရီထိ	အောက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (ရန်ကုန်နည်းပညာတက္ကသိုလ်)

၂။ အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်းနံပါတ်(၀၂-၅၇၃၆၃)၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်းနံပါတ်(၀၁-၅၂၂၆၆၁)နှင့် ပြည်ထောင်စုဝန်ကြီးရုံး ဖုန်းနံပါတ်(၀၆၇-၄၀၄၀၁၇)တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ဒုတိယအကြိမ်နှလုံးဆေးပညာညီလာခံ

နှလုံးရောဂါကုပညာအဖွဲ့ (မြန်မာနိုင်ငံဆရာဝန်အသင်း)၏ ဒုတိယအကြိမ် နှလုံးဆေးပညာညီလာခံကို ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်မှ ၂၆ရက်ထိ၊ မန္တလေးမြို့၊ ဆီဒိုးနားဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၎င်းညီလာခံတွင် နိုင်ငံတကာမှ နှလုံးဆေးပညာရှင် ဆရာဝန်ကြီးများ လာရောက်ကာ နောက်ဆုံးပေါ်ကုထုံးများနှင့် နည်းပညာရှင်ဆရာဝန်ကြီးများကို ဆွေးနွေးပို့ချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့်ဆရာဝန်များ တက်ရောက်နိုင်ရန် လှိုက်လှဲစွာဖိတ်ကြားအပ်ပါသည်။ ၎င်းညီလာခံသို့ တက်ရောက်ရန် ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ နှလုံးအထူးကုဌာန၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် စာရေးပေးသွင်းနိုင်ပါသည်။

နှလုံးဆေးပညာညီလာခံကျင်းပရေးကော်မတီ
ဒုတိယအကြိမ်မြန်မာနိုင်ငံဆရာဝန်အသင်း
နှလုံးရောဂါကုပညာအဖွဲ့

(၇)ကြိမ်မြောက်အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် မီးရှူးတိုင်သယ်ယူရေးအတွက် နိုင်ငံဂုဏ်ဆောင်ခဲ့ကြသော မသန်စွမ်းအားကစားသမား(Volunteer)များဖိတ်ခေါ်ခြင်း

(၇)ကြိမ်မြောက် အာဆီယံနိုင်ငံများ မသန်စွမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် နေပြည်တော်တွင် ၁၄-၁-၂၀၁၄ရက်မှ ၂၀-၁-၂၀၁၄ရက်အထိ လက်ခံကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ၁၄-၁-၂၀၁၄ရက်တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ပြုလုပ်သွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့ကြသည့် နိုင်ငံဂုဏ်ဆောင် အားကစားသမားများသည် မီးရှူးတိုင်သယ်ယူရေးအတွက် ပါဝင်ဆောင်ရွက်လိုပါက အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်ပြီး ၃၀-၉-၂၀၁၃ရက် နောက်ဆုံးထားပြီး ပုံစံများရယူ လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ။ အမှတ်-(၁၅/၁၆)၊ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီရုံး၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၊ သုဝဏ္ဏ၊ ဖုန်း-၀၁-၅၇၇၃၇၁၊ ၀၁-၅၇၁၁၄၁၊ ၀၉-၄၉၃၂၈၀၁၉၊ ၀၉-၇၃၀၀၄၇၀၁

အများသိစေရန်နှင့် OK ဆန်စက်အမှတ်(၃၈၈)ပိုင်ရှင်ဦးဝင်းနိုင်[၁၂/ဗဟန(နိုင်)၀၀၈၆၇၇] (ကိုဝင်းနိုင်နှင့်ညီအစ်ကိုမောင်နှမများ OK ဆန်၊ ဆီနှင့်အထွေထွေရောင်းဝယ်ရေး၊ ဘုရင့်နောင်ပွဲရုံ)တို့အား အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ ပြည်လမ်း၊ အမှတ်(၁၁၅)၊ တတိယထပ်နေ ဦးဝင်းနိုင်[၁၂/မဘန(နိုင်)၀၇၆၉၄၉] ASIA ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးအကြောင်းကြား တောင်းဆိုခြင်းပြုသည်မှာ-

၁။ ကျွန်ုပ်တို့၏အမှုသည် ဦးဝင်းနိုင်[၁၂/မဘန(နိုင်)၀၇၆၉၄၉] ASIA ဆန်စက်နှင့်ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်နှင့် လူကြီးမင်း OK ဦးဝင်းနိုင်[၁၂/ဗဟန(နိုင်)၀၀၈၆၇၇]တို့သည် ပဲခူးတိုင်းဒေသကြီး၊ အင်းမမြို့ရှိ OK ဆန်စက်အပါအဝင် မြေနေရာနှင့်ဆန်ဂိုဒေါင် သိုလှောင်ရုံများနှင့် အဆိုပါဝင်းအတွင်းရှိ မရွှေ့မပြောင်းနိုင်သောစက်ပစ္စည်းများအားလုံးအတွက် ငွေကျပ်သိန်း ၃၅၀၀ (ကျပ်သိန်းသုံးထောင့်ငါးရာတိတိ)ဖြင့် အရောင်းအဝယ်ပြုလုပ်ရန် နှစ်ဦး နှစ်ဖက်သဘောတူညီခဲ့ကြပြီး ကျပ်သိန်း ၂၅၀၀ (ကျပ်သိန်းနှစ်ထောင့်ငါးရာတိတိ)ပေးချေခဲ့ပြီးဖြစ်ပါသည်။

၂။ ကျွန်ုပ်၏အမှုသည်က လူကြီးမင်းသို့ OK ဆန်စက်အမှတ်(၃၈၈)နှင့် မြေနေရာအပါအဝင် ဆန်ဂိုဒေါင်၊ သိုလှောင်ရုံများနှင့် အဆိုပါဝင်းအတွင်းရှိ မရွှေ့မပြောင်းနိုင်သောစက်ပစ္စည်းများအားလုံးအတွက် ရောင်းဖိုးကျန်ငွေကျပ်သိန်း ၁၀၀၀ (ကျပ်သိန်းတစ်ထောင်တိတိ)ပေးချေရန်ဖြစ်ပြီး၊ လူကြီးမင်းဘက်မှ ရောင်းဖိုးကျန်ငွေလက်ခံ၍ တရားဝင်အပြီးသတ်စာချုပ်ချုပ်၍ ကျွန်ုပ်တို့၏အမှုသည် ဦးဝင်းနိုင် ASIA ဆန်စက်နှင့်ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရေးအတွက် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း (၂)ကြိမ်တိတိနို့တစ်စာပေးပို့ထားပြီးဖြစ်သော်လည်း လူကြီးမင်းမှ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိပါ။

၃။ ကျွန်ုပ်တို့၏အမှုသည် ဦးဝင်းနိုင် ASIA ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်အနေဖြင့် OK ဆန်စက်အမှတ်(၃၃၈)မြေနေရာနှင့် ဆန်ဂိုဒေါင် သိုလှောင်ရုံများအပါအဝင် အဆိုပါဝင်းအတွင်းရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံးအတွက် ရောင်းဖိုးကျန်ငွေ ကျပ်သိန်း ၁၀၀၀ (ကျပ်သိန်းတစ်ထောင်တိတိ)ကို ပေးချေရန်အသင့်ဖြစ်နေပါသည်။ လူကြီးမင်းမှ ရောင်းဖိုးကျန်ငွေ လက်ခံရယူပြီး တရားဝင် အရောင်းအဝယ်အပြီးသတ်စာချုပ်ချုပ်ဆို၍ အမည်ပေါက်ပိုင်ဆိုင်ရေးကို ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

ဤကြေညာချက်ပါရှိသည့် နေ့မှစ၍(၇)ရက်အတွင်း မပျက်မကွက်ဆောင်ရွက်ပေးပါရန် အလေးအနက်အသိပေးအကြောင်းကြား တောင်းဆိုအပ်ပါသည်။ လူကြီးမင်းမှဆောင်ရွက်ရန်ပျက်ကွက်ပါက ဦးဝင်းနိုင် ASIA ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်၏ ညွှန်ကြားချက်အရ တည်ဆဲဥပဒေများနှင့်အညီ မလွဲမသွေ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်ကိုကို
LL.B.,H.G.P.,Dip in Business Law
Dip in Applied Psychology,Dip in Martime Law
WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေနှင့်စီးပွားရေးလုပ်ငန်း
ဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်
အမှတ်(၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၉၂၄

ဦးသန်းဌေး LL.B
D.L.,101,WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေနှင့်
ဥပဒေအကြံပေး(စဉ်-၃၈၅၁/၁၉၈၆ခုနှစ်)
ဖုန်း-၀၉-၇၃၁၈၁၁၀၇၊ ၀၁-၅၅၃၂၁၆
E-mail:thanhtay.myanmar@ gmail.com
အမှတ်(၅၀၁)၊ ယမုံနာလမ်း၊ မြို့သစ်ရပ်ကွက်၊
(ဗန္ဓုလတံတားအနီး)၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့

သီတဂူအာရောဂျဒါနဆေးရုံတော် ပြင်ပလူနာ အခမဲ့ဆေးခန်းဖွင့်လှစ်ဆေးကုသ

ထားဝယ် စက်တင်ဘာ ၁၉

သီတဂူဆရာတော်ဘုရားကြီး၏ သဒ္ဓါ၊ မေတ္တာ၊ ကရုဏာ၊ ပညာ ပြဋ္ဌာန်း၍ စီစဉ်ဆောင်ရွက်ထားသော သီတဂူအာရောဂျဒါန ဆေးရုံတော် ပြင်ပလူနာ အခမဲ့ဆေးခန်းကို ထားဝယ်မြို့ ဘုမ္မော်ရပ် သီတဂူအာရောဂျဒါနဆေးရုံတော်တွင် ဩဂုတ် ၂၁ ရက်မှစ၍ လူနာများအား အခမဲ့ ဆေးဝါးကုသပေးလျက်ရှိသည်။

ဆေးရုံတော်တွင် ထားဝယ်မြို့ ကျန်းမာရေးဦးစီးဌာန ထားဝယ် အထွေထွေရောဂါကု ဆေးရုံမှ စေတနာရှင် အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်များ၊ မြို့နယ်ဆရာဝန် အသင်းမှ စေတနာရှင်ဆရာဝန်များ ပူးပေါင်းလျက် အင်္ဂါနေ့နှင့် ကြာသပတေးနေ့မှအပ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ အထူးကုဆရာဝန်ကြီးများကိုယ်တိုင် ကြီးကြပ်ကုသပေးလျက်ရှိရာ ဝေဒနာရှင်ပြည်သူများ ဝမ်းသာအားရကျေနပ်မှု ရှိနေကြသည်။

သီတဂူဆေးရုံတော်တွင်ထားဝယ်ခရိုင်အတွင်းရှိ ထားဝယ်၊ရေဖြူ၊ လောင်းလုံ၊ သရက်ချောင်းမြို့နယ်များမှ နေ့စဉ်လူနာဦးရေ ၁၀၀ ကျော်လာရောက် ဆေးကုသမှုခံယူလျက်ရှိသည်။ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် အထူးကုဆရာဝန်များကိုယ်တိုင် လာရောက်၍ ဆေးကုသပေးလျက်ရှိကြသည်။

သီတဂူဆေးရုံတော်သို့ ကုသိုလ်ပြုပါဝင်လှူဒါန်းလိုပါက ဆေးရုံတော်ရုံးခန်း ဖုန်း ၀၅၉-၂၃၄၅၄၊ ၀၉-၈၇၅၀၁၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

ပျဉ်းမနား ဗိုလ်တောက်ထိန်လမ်းမှ အန္တရာယ်ရှိသစ်ကိုင်း

ပျဉ်းမနား စက်တင်ဘာ ၁၉

နေပြည်တော် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်အတွင်းရှိ ကုက္ကိုပင်တစ်ပင်၏ အကိုင်းခြောက်များ **(အပေါ်ပုံ)**မှာ မြင်တွေ့ရသကဲ့သို့ လျှပ်စစ်မီးကြိုးများပေါ်သို့ အုပ်မိုးလျက်ရှိနေပြီး အဆိုပါ နေရာမှာ ရိုးမဘဏ်၊ လေဆာကွန်ပျူတာအရောင်းဆိုင် စသည့်လူစည်ကားရာနေရာဖြစ်သောကြောင့် ယာဉ်များ၊ ခရီးသွားပြည်သူများနှင့်စည်ကားလျက်ရှိနေသော ဗိုလ်တောက်ထိန်လမ်းမကြီးပေါ်တွင် အများပြည်သူများ အန္တရာယ်ကင်းကင်း သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာမှ ကြိုတင်ကာကွယ်ရှင်းလင်းပေးစေလိုကြောင်း ပြည်သူများထံမှကြားသိရသည်။

နေလှိုင်း(ပျဉ်းမနား)

မော်တော်ဆိုင်ကယ်စီးသူများ သတိပြုဖွယ်

၂၀၁၃ နှစ်ဦးပိုင်းတွင် အမေရိကန်ပြည်ထောင်စုက ဓာတ်ဆီဆိုင်မှာဖြစ်ခဲ့တဲ့ မတော်တဆဖြစ်ရပ်ကို Daily Health Tips(ခေါ်) အင်တာနက်သတင်းတစ်ပုဒ်မှာ ဖော်ပြထားတာကြောင့် မော်တော်ဆိုင်ကယ်စီးသူများ သတိပြုနိုင်ကြရန် မျှဝေလိုက်ပါရစေ။ (ဒီဖြစ်စဉ်ကတော့ ဖြစ်တောင့်ဖြစ်ခဲပါ)

မော်တော်ဆိုင်ကယ်ဆီဖြည့်ဖို့အတွက် သားအဖနှစ်ယောက် ဆီဆိုင်ကိုရောက်လာခဲ့ပါတယ်။ ဆီဖြည့်တော့မယ်ဆိုတော့ ဖခင်ဖြစ်သူက ထုံးစံအတိုင်း ဆိုင်ကယ်အင်ဂျင်စက်ခလုတ်ကို ပိတ်လိုက်ပါတယ်။ ဒါပေမယ့် သားအဖနှစ်ယောက်စလုံး ဆိုင်ကယ်ပေါ်က မဆင်းဖြစ်ပါဘူးတဲ့။ ဆီဆိုင်ဝန်ထမ်းလည်း ဆီဖြည့်ဖို့အတွက် ပိုက်ခေါင်းကို မော်တော်ဆိုင်ကယ်ဘက်သို့ အဆင်သင့်လှည့်ကိုင်ထားပြီး မျက်နှာက တစ်ဖက်သို့လှဲ့ကာ လုပ်ရိုးလုပ်စဉ်အတိုင်း ဆီမီတာကိုပြန်ချိန်၍ ဆီပန့်ခလုတ်ကို ဖွင့်ချလိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဆီပန့်က အရှိန်ပြင်းပြင်းလွှတ်လိုက်တဲ့ ဓာတ်ဆီများဟာ သားအဖနှစ်ယောက်စလုံးကို ပန်းထွက်ကုန်တော့တာပေ့ါ။

ဓာတ်ဆီတွေက အသက်လေးနှစ်သားလေးရဲ့ မျက်လုံးထဲဝင်ကုန်ပါတော့တယ်။ ချက်ချင်းဆိုသလို ဖခင်လုပ်သူဟာ ကလေးကို ကောက်ချီပြေးပြီး ဓာတ်ဆီဆိုင်ဝန်ထမ်းများအကူအညီနဲ့ ကလေးရဲ့ ဦးခေါင်းထက်ကနေ ရေများများလောင်းချိုးပေးကြပါတယ်။ မျက်နှာနဲ့ မျက်လုံးတွေကိုလည်း ရေဖြင့် ဆေးကြောပေးပါတယ်။ ဒါပေမယ့် ကလေးမျက်လုံးက ဘာမှမမြင်ရတော့ဘူးပြောပါတယ်။ ရေဆေးပြီးနောက် အဲဒီဆိုင်နားက အရေးပေါ် ဆေးခန်းကိုပြေးတဲ့အခါ ဆရာဝန်က ICU နည်းနဲ့ ကုသပေးခဲ့ရာ နောက်နှစ်ရက်ခန့်ကြာတော့မှ မျက်စိပြန်မြင်လာပါတယ်တဲ့။ ခုတော့ ကလေးငယ်ရဲ့ မျက်လုံးတွေ ပကတိအတိုင်း ပြန်ကောင်းလာခဲ့ပါပြီ။

ဆရာဝန်က "ပြင်းအားနဲ့ မှုတ်ထုတ်လိုက်တဲ့ ဓာတ်ဆီတွေက မျက်လုံးအတွင်းပိုင်းတစ်သျှူးတွေကို လောင်ကျွမ်းပြီး မျက်စိ(လုံးဝ) ကွယ်စေနိုင်ပါတယ်။ ဒါပေမယ့် ဆေးခန်းရောက်မလာခင် ဖြစ်ဖြစ်ချင်းမှာပဲ ရေနိုင်နိုင် ဆေးကြောနိုင်ခဲ့လို့ ခုလို မျက်စိပြန်မြင်လာနိုင်တာပါ။ ဒီချာတိတ်ကံကောင်းသွားတာပေ့ါဗျာ။ ဆီဆိုင်ဝန်ထမ်းတွေရော၊ ဆီလာဖြည့်သူတွေပါ အခြေခံဗဟုသုတရှိဖို့ လိုတာပေ့ါဗျာ" လို့ ပြောပါတယ်။

(၁)ဆီဆိုင်မှာဆီဖြည့်တော့မယ်ဆိုရင် မော်တော်ဆိုင်ကယ်အင်ဂျင်စက်ခလုတ်ကို ပိတ်လိုက်ပါ၊ (သို့မဟုတ်) မီးလောင်ပေါက်ကွဲမှုဖြစ်စေနိုင်ပါတယ်။ ဒ့ါပြင်ဆေးလိပ်သောက်ခြင်း၊ ဟန်းဖုန်းဖြင့်စကားပြောခြင်းလည်း (လုံးဝ) မလုပ်သင့်ပါဘူး။

(၂) ဆိုင်ကယ်ဆီဖြည့်နေစဉ် နောက်ခုံပေါ်မှာ ကလေး/လူကြီး မည်သူမျှ မထိုင်သင့်ပါ။ (အထူးသဖြင့် ကလေးတွေက ထိခိုက်မှုလွယ်လို့ အထူးသတိပြုသင့်ပါတယ်။)

(၃)ကာဗွန်ဒိုင်အောက်ဆိုက်ထည့်သွင်းထားတဲ့ အချိုရည်ဘူး/အရက်ဘီယာပုလင်းများ/ရေမွှေးစတဲ့ အလှကုန်ပစ္စည်းများက အပူရှိန်ဖြင့် မီးလောင်ပေါက်ကွဲမှုကို အားပေးတဲ့အတွက် ဆီဆိုင်မှာ ဆီဖြည့်တော့မယ်ဆိုရင် အဆိုပါပစ္စည်းတွေကို ဆိုင်ကယ်ကယ်ရီယာပေါ်မှာ တင်မထားပါနဲ့။

(၄) ဆီဆိုင်က ဝန်ထမ်းတွေကိုလည်း ဆီပိုက်ခေါင်းကို အောက်ချကိုင်ထားဖို့ အကြံပေးလိုက်ပါ။ ဒါမှသာ ဆီပန့်ခလုတ်ဖွင့်လိုက်တဲ့အခါ ဆီပိုက်ကနေ အရှိန်ပြင်းပြင်းထွက်လာတဲ့ ဆီများမိမိမျက်နှာကို မတော်တဆမထိမိစေတော့ဘူးပေ့ါ။

(၅) အလျဉ်းသင့်တိုင်း ဆီဆိုင်ဝန်ထမ်းများနဲ့ မိမိလို မော်တော်ဆိုင်ကယ်စီးသူတွေကို သတိပေးနှိုးဆော်ပါ။ **(ပေါက်ပေါက်)**

လူဦးရေနှင့် သန်းခေါင်စာရင်းအကြောင်း ဟောပြော

ညောင်လေးပင် စက်တင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း ပညာပေးဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါရုံးတွင် ကျင်းပရာ မြို့မ(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးနေအောင်စိုးမိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်နီနီဝင်းက ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးတွင် ပြည်သူများပူးပေါင်းပါဝင်ရေးတို့ကို ရှင်းလင်းဟောပြောသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် စာဖတ်ရှိန်မြှင့်တင်ရေး ပြည်သူ့ဗဟိုပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရာ ပြွန်တန်ဆာမြို့ အမှတ်(၁)၊အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကာ သုတ၊ရသ စာအုပ်၊ စာစောင် ၁၀၀ တို့အား ငှားရမ်းခြင်းနှင့် နံရံကပ်စာဆောင်များ ပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၆၉၂)**

စစ်ကိုင်း စက်တင်ဘာ ၁၉

ရေဘေးသင့်သူများအား ဆန်လှူဒါန်း

စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ရေ ဆက်လက်တိုးနေသည်။ စက်တင်ဘာ ၁၆ ရက် တိုင်ထွားချက်အရ ၁၁၉၂ စင်တီမီတာရှိသည်။ ရေဘေးသင့်သူများအား စစ်ကိုင်းမြို့ ဧမြဝတီ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး လမ်းဘေးဝဲ၊ ယာတို့တွင် နေရာချထားပြီး အချို့ကို ညောင်ပင်သာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ နေချထားပေးသည်။

ရေဘေးသင့်ပြည်သူများအား ဆန်လှူပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ဧမြဝတီရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ စစ်ကိုင်းမြို့ လေးကျွန်းမြေအုဋ္ဌ် ကျောင်းဆရာတော် ဓမ္မပိယာလင်္ကာရ အမှူးပြုသော သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းဝင်များ၊ ရန်ကုန်မြို့ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးကျော်သူတို့က ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၂၅၇ စု၊ လူဦးရေ ၄၇၈ ဦးတို့အား တစ်ဦးလျှင် ဆန်တစ်ပြည်နှုန်းဖြင့် ၄၇၈ ပြည် လှူဒါန်းခဲ့ကြောင်းသိရသည်။ ဧရာဝတီမြစ်ရေ တစ်ဟုန်ထိုး တိုးလာသည့်အတွက် စစ်ကိုင်းမြို့ကမ်းနားလမ်းတွင် ပလက်ဖောင်းအုတ်ခုံပေ ၄၀ ခန့် ကျိုးပေါက်သွားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှထွန်းနှင့်အဖွဲ့က သဲအိတ်များဖို့၍ ရေမဝင်ရေး ကာကွယ်ထားသည့်နေရာသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝေက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၂၂၅)

အစိုးရ/စီးပွားရေးကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇-ဒီ၊ မြေကွက်အမှတ်-၂၀၊ မြေကွက်တည်နေရာအမှတ်(၈)၊ အောင်ချမ်းသာ(၆)လမ်း၊ စမ်းချောင်းမြို့နယ်၊ ဦးမြဇင်+ဦးညွန့်လွင်အမည်ပေါက် နှစ်(၆၀)မြေအား အမည်ပေါက်ထံမှ ဒေါ်သန်းရွှေပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၆၁၉၁(၇-၁၀-၁၁)ဖြင့် ပိုင်ဆိုင်သူ ဦးညွန့်လွင်[၁၂/စခန(နိုင်)၀၀၈၄၇၅]၊ ဒေါ်သန်းရွှေ၁၂/စခန(နိုင်)၀၀၈၉၂၇]တို့ထံမှ ကိုယ်စားလှယ်လွှဲစာရရှိသူ GP ဒေါ်စုစုလှိုင်မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါကို မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာဖြင့် ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ(၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရင်ခုန်သံ

နာကျင်မှုမရှိဘဲ ထာဝရလှပသော 3D မျက်ခုံးမွေး၊ အိုင်းလိုင်နာထိုးသည်။

၂၀၊ မာလာမြိုင်၅လမ်း၊(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၂၇၅၄၉၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ e-government လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော Database Server ၊ Webserverနှင့် Network infrastructure တည်ဆောက်ခြင်းလုပ်ငန်းများအား(Tumkey Tender) မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀-၉-၂၀၁၃
တင်ဒါပိတ်မည့်ရက် - ၂၁-၁၀-၂၀၁၃
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၂ရပ်ကွက်၊ သုဒ္ဒဿန(၂)လမ်း၊ အမှတ်(၁၁၅/က) မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံတို့နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်းမရှိကြောင်း အများသိစေရန် ကြေညာချက်

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ အထက်ပါလိပ်စာနေ ဒေါ်ခင်စု[၁၂/သဃက(နိုင်)၀၂၀၅၄၄]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖော်ပြပါ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာစီမံခန့်ခွဲမှုစာရင်းနှင့် မှတ်တမ်းထိန်းသိမ်းရေးဌာန၏ မြို့မြေစာရင်းတွင် ကျွန်ုပ်တို့၏ မိတ်ဆွေဒေါ်ခင်စု၏ ခင်ပွန်း ဦးရွှေသန်း[၁၂/သဃက(နိုင်)၀၂၀၅၄၅]အမည်ဖြင့် မြေငှားဂရန် စာချုပ်ရရှိထားပါသည်။

ဒေါ်ခင်စု၏ ခင်ပွန်း ဦးရွှေသန်းမှာ ကွယ်လွန်အနိစ္စရောက်ရှိပြီးဖြစ်သည့်အတွက် ဖော်ပြပါ မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဇနီးဖြစ်သူ ဒေါ်ခင်စုက ဥပဒေနှင့်အညီ ဆက်ခံပိုင်ဆိုင်သူဖြစ်သကဲ့သို့ ယင်းမြေနှင့် အိမ်၌ အစဉ်တစိုက် လက်ရောက်နေထိုင်လျက်ရှိသူလည်း ဖြစ်ပါသည်။

ဒေါ်ခင်စုအနေဖြင့် ယင်းမြေနှင့် မြေပေါ်ရှိ အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်းမရှိခဲ့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်စု၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းအေး(B.A., R.L) **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၃၅)**
ဒေါ်ဆွေဆွေညွန့် (LL.B) **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)**
ဒေါ်ဆုမြတ်မွန် (စဉ်- ၂၅၇၇၆)
ဒေါ်ခင်ကြည်မွန် (စဉ်- ၂၇၃၈၆)
ဒေါ်အေးခိုင်ဇင် (စဉ်-၃၀၈၁၁)
ဒေါ်မို့မို့သက်ထား (စဉ်- ၃၅၈၅၅)

အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၀၅၀၄၃၊ ၀၉-၇၃၀၉၆၁၂၅၊ ၀၉-၃၃၂၀၉၉၉၉

ကား ရောင်းမည် CNG နှင့်ယှဉ်နိုင်သော ဆီ(၁)ဂါလန်ကီလို၁၀၀ ရသော Toyota Succeed(ဒီဇယ်)ရောင်းမည်။ **ဖုန်း-၀၉-၅၁၂၀၀၀၅၊ ၀၉-၇၃၀၂၆၀၈၇**

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၁၂၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ်(၁၃၂)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်ရီရီကြိုင် [၁၂/ကမရ(နိုင်)၀၂၇၁၅၉]၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ဥမ္မာကြိုင်[၁၂/အလန(နိုင်)၀၄၀၇၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
